ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (11-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၄၂)

ဒီတာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်နှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ၆နိ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ လိုက်ပါ၍ ယနေ့တွင် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ **စာမျက်နှာ ၁၆ ကော်လံ ၁ ၌**

ဘိလပ်မြေတက်ရုံ(တန်–၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေတက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော

ကြံ့၊ ဆင်နှစ်ကောင် ၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ

စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဘိလပ်မြေတက်ရုံ(တန်–၄၀၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၂၂ ၂၇

အရောင်းကိုယ်စားလှယ် – ဖုန်း – ၀၉ ၇၇၇၀၀ ၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေတက်ရုံ(တန်–၁၂၀၀)

ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၀၇၇၀

အရောင်းကိုယ်စားလှယ် – ဖုန်း – ၀၉ ၇၇၇၀၀ ၂၆၇၀

ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၁ ရက်
အယ်ဒီတာ့အာဘော်

စိန်ရတုမှသည် ရတုအဆက်ဆက်ဆီသို့

မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းသည် လွန်ခဲ့သော နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ ၇ ရာစုနှစ်ကတည်းက မြန်မာနိုင်ငံက ပျူမင်းဆက်များနှင့် တရုတ်နိုင်ငံက တန်မင်းဆက်မှစ၍ ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးဆက်ဆံမှုများရှိခဲ့သည်ကို သမိုင်းအထောက်အထားများစွာအရ လေ့လာတွေ့ရှိရပေသည်။ မြန်မာနိုင်ငံမှ ပျူမင်းသားဦးဆောင်သည့် အနုပညာသည်များက မိုင်ပေါင်းထောင်ချီဝေးကွာသည့် တရုတ်နိုင်ငံ ချန်အန်းမြို့သို့ သွားရောက်ကာ ယဉ်ကျေးမှုဖလှယ်ခဲ့ခြင်းသည် နှစ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာမှု အစပြုခြင်းဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင်အေဒီ ၁၁ ရာစုပုဂံခေတ် မြန်မာသံတမန် ရှင်ဒိသာပါမောက် တရုတ်နိုင်ငံကို သံခင်းတမန်ခင်းသွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်းသည် နှစ်နိုင်ငံ၏သံတမန်ရေးဆက်ဆံမှု အစပင်ဖြစ်ပြီး မျက်မှောက်ခေတ်နှစ်နိုင်ငံ စွဲစွဲမြဲမြဲကျင့်သုံးနေသည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဟုဆိုနိုင်ပေသည်။

ယနေ့ခေတ် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန် ၁၉၄၉ ခုနှစ်၌ စတင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ရာ စိန်ရတုသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖော်ဆောင်နိုင်ခဲ့သည်။ ထို့ပြင် မြန်မာ-တရုတ်နှစ်နိုင်ငံ၏ဆက်ဆံရေးကို ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် "ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး" အဖြစ် ၂၀၁၀ ခုနှစ်တွင် အဆင့်မြှင့်တင်နိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတစ်လျှောက် သိသာထင်ရှားသည့်ဖြစ်ပေါ်တိုးတက်မှုများထဲမှ တစ်ခုဖြစ်ပြီး အဆိုပါခရီးစဉ်အတွင်း မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန် သဘောတူညီခဲ့ကြပြီး လက်ရှိအချိန်တွင်လည်း အဆိုပါသဘောတူညီချက်များထဲက အတိုင်း နှစ်နိုင်ငံနှင့်ပြည်သူများအကျိုးအတွက် ခိုင်မာသည့်တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပေးလျက်ရှိသည်မှာ မျက်မြင်ပင်ဖြစ်ပေသည်။

ထို့ပြင် မြန်မာ-တရုတ် နှစ်နိုင်ငံ၏ အေးအတူပူအမျှ မျှဝေခံစားသည့်စိတ်ဓာတ်နှင့် နက်ရှိုင်းသော ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ယခုနှစ် မတ် ၂၈ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင် လှုပ်ခတ်မှုအပြီး ၂၄ နာရီအတွင်း တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်ပြီး ငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများ ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ်ယွမ် တစ် ဒသမ တစ်ဘီလီယံတန်ဖိုးရှိ လူသားချင်းစာနာမှုအကူအညီများကို ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံအခက်အခဲဆုံးအချိန်တွင် ရရှိခဲ့သည့် ပထမဦးဆုံးပြည်ပအကူအညီဖြစ်ကာ တရုတ်နိုင်ငံ၏ ထိုကဲ့သို့ အချိန်မီပံ့ပိုးကူညီမှုများသည် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအတွက် များစွာထိရောက်မှုရှိကာ ခွန်အားဖြစ်စေခဲ့သည်။ ထိုသို့ မွန်မြတ်သည့်ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့်ချစ်ကြည်ရင်းနှီးမှု၊ မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးမှုများသည် နှစ်နိုင်ငံ၏ချစ်ကြည်ရေးသမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်နေမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံအပြန်အလှန် ချစ်ကြည်ရင်းနှီးမှုများနှင့် ဖော်ဆောင်ခဲ့သော သံတမန်ဆက်ဆံရေး ထူထောင်ခြင်းသည် ဂုဏ် နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ထိုသို့နှစ်နိုင်ငံအကြား ကောင်းမွန်သောဆက်ဆံရေးများကို ခေတ်အဆက်ဆက်လက်ဆင့်ကမ်းသွားနိုင်ရန်အတွက် နှစ်နိုင်ငံစလုံးက ချစ်ကြည်စည်းလုံးမှုကို ခိုင်မာမြဲမြံစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသောကြောင့် အနာဂတ်တွင် မြန်မာ-တရုတ် ချစ်ကြည်ရေးသည် စိန်ရတုမှသည် ရတုအဆက်ဆက်ဆီသို့ ထာဝရအခွန့်ရှည်တည်တံ့နေမည်ပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ကျားပျံစပါး တင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း ကျားပျံစပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလအတွင်း ကျားပျံစပါး တင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုအားများနေလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ အခြားစပါးတွေထက် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ ကျားပျံစပါး အမျိုးအစားက အရောင်းအဝယ် ပိုဖြစ်နေပါတယ်''ဟု ကျိုက်လတ် မြို့နယ်မှ ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၃၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အင့်ားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ အဆင်ပြေလျက်ရှိကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိထံမှ သိရသည်။ **ကျော်ကျော်လင်း**

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၇၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်

ရွှေဘို ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိခရိုင် ရွှေဘိမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၇၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၏ဧက ၁၀၃၇၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိမြို့နယ်မှာ မြေပဲ၏ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ၏ဧက ၁၇၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထား၏ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိမြို့နယ်တွင် မြေပဲ စိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကိုအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

ဝမ်းတွင်းမြို့နယ် အောင်သာ(မ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ အောင်သာ(မ)ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇွန် ၉ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကို ကိုဦးနှင့်ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကျပ်သန်း ၇၀ ဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်နှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အောင်သာ(မ)ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူ ၁၉၂ ဦးကို ရန်ပုံငွေကျပ်သန်း ၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

သာစည်မြို့နယ် မုံပင်ဆုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

သာစည် ဇွန် ၁၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွဲတပ်ဆုံကျေးရွာအုပ်စု မုံပင်ဆုံကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာမမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်ရမည့် အကြောင်းအရာများကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးပြောကြားကာ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့် အညီ မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မုံပင်ဆုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၂ လမ်း၊ ၇၆-၇၇ လမ်းကြားနေ ဦးထွန်းဝင်း-ဒေါ်ခင်သန်းမြင့်၊ သားမောင်ကျော်ဇေယျာလင်း၊ မောင်ဟန်ကိုကိုဝင်း မိသားစုက ဆေးပဒေသာပင်အလှူငွေ ကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏနှင့်ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးမည်

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

မြောင်းမြ ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ရာသီ၌ စပါး ၂၁၃၂၁၆ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၁၃၂၁၆ ဧက ကို ယခုနှစ် ဇွန်လ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်မှာ ဒီနှစ် မိုးစပါးဧက ၂၁၃၀၀၀ ကျော် စိုက်ပျိုးသွားမှာပါ။ လက်ရှိ စပါးတွေလျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေး နည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ ဒုံပြင်တောင်သူတွေ စိုက်ပျိုးတဲ့ မိုးစပါးတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ကိုလဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်''ဟုမြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-1၊ GW-11 စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ကာ မိသားစုဝင်ငွေတိုးပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးအထွက်နှုန်း တိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

သထုံမြို့နယ် ကျောက်တန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

သထုံ ဇွန် ၁၀

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်တန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်သွယ်ဦးနှင့်ဝန်ထမ်းများက ကျောက်တန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

ကျောက်တန်းကျေးရွာ၌ စက်ရေတွင်း အနက်ပေ ၂၀၀ တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ခြင်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၉ သောင်း ၁၂ သန်းဖြင့် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့် သင့်တော်သည့် နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီး ရေရရှိရေး လုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးက ပြောပြ၍ သိရသည်။

သုတ

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၈၆ ဧကထိ စိုက်ပျိုးပြီးစီး

ရေဦး ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၈၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၃၂၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၂၁၈၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုကို ဒီလထဲမှာစိုက်ပျိုးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးသွားမှာပါ။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေသြဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် စျေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်စျေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

ကျန်စစ်သား၏ ဗုဒ္ဓဂယာအလှူကျောက်စာ

မောင်သာ(ရွေးဟောင်းသုတေသန)

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာခရိုင်တွင် ရှိသည့် ဗုဒ္ဓဂယာသည် ကမ္ဘာတစ်ဝန်းရှိ ဗုဒ္ဓဘာသာဝင်များအထွတ်အမြတ်ထားသည့် နေရာတစ်ခုဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘုရားရှင်နှင့်ဆက်နွယ်ခဲ့သည့် ဂယာမြို့နှင့် ဗုဒ္ဓဂယာဝန်းကျင်နေရာများကို မြင့်မြတ်သော နေရာတော်ဟုသတ်မှတ်ကြပြီး သွားရောက်ဖူးမြော်ကြည်ညြိုလေ့ရှိကြသည်။

ဗုဒ္ဓဂယာရှိ သတ္တဌာန ခုနစ်ခုအပါအဝင် ဗုဒ္ဓဝင် နေရာတော်များအနက် ဘုရားရှင်ပွင့်ထွန်းခဲ့သည့် မဟာဗောဓိညောင်ပင်နှင့် အသောကမင်းကြီး တည်ထားခဲ့သည့် မဟာဗောဓိစေတီတော်သည် အထင်ရှားဆုံးဖြစ်သည်။ ထိုနေရာတော်များကို ဗုဒ္ဓဘာသာဝင်များက အမြဲတစေ လှူဒါန်းထောက်ပံ့မှုများပြုခဲ့လုပ်ကြရာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များသည် မိမိတို့တစ်သက်တာတွင် ဗုဒ္ဓဂယာသို့ အနည်းဆုံးတစ်ကြိမ်တစ်ခါ သွားရောက်ဖူးမြော်နိုင်လျှင်ပင် အပါယ်သို့မကျနိုင်တော့ဟု ယုံကြည်သည့်အားလျော်စွာ ဘုရားဖူး သွားရန် အခွင့်သာသူတိုင်းသည် ဗုဒ္ဓဂယာသို့ နှစ်စဉ်သွားရောက်လေ့ရှိကြပြီး မိမိတို့စွမ်းနိုင်သမျှ လှူဒါန်းမှုပြုကြစမြဲဖြစ်သည်။

သံဝေဇနီယလေးဌာန

ဂေါတမဘုရားရှင်၏ သံဝေဇနီယလေးဌာန ဖြစ်သော ဖွားတော်မူသည့်နေရာ၊ ဘုရားအဖြစ်သို့ ပွင့်တော်မူသည့်နေရာ၊ ဓမ္မစက္ကြာတရားဦး ဟောတော်မူသည့်နေရာ၊ ပရိနိဗ္ဗာန်ပြုသည့်နေရာတို့အနက် ဘုရားပွင့်တော်မူသော နေရာသည် ဗုဒ္ဓဂယာဖြစ်သည်။ အဝိဇဇာတလေးဌာနဖြစ်သော မဟာဗောဓိပင်၊ ဣသိပတန မိဂဒါဝုန်တော၊ သင်္ကဿနဂိုမြို့တံခါးဝနှင့် ညောင်စောင်းအခြေလေးခုအနက် မဟာဗောဓိပင်သည် ဗုဒ္ဓဂယာ၌တည်ရှိသည်။

ယခုအခါတွင် ဂယာမြို့သို့ လေယာဉ်ဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီး မြန်မာနိုင်ငံမှသွားလျှင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှတစ်ဆင့် ကုန်းလမ်းခရီးဖြင့်လည်း သွားရောက်နိုင်သည်။ သို့သော် ကုန်းလမ်းခရီးက အချိန်ကုန်၊ လူပင်ပန်းသဖြင့် သွားရောက်သူအလွန်နည်းပါးသည့် လမ်းကြောင်းဖြစ်သည်။ ရှေးအခါကမူ ဗုဒ္ဓဂယာသို့ ရေကြောင်းခရီးမှတစ်ဆင့် သင်္ဘောဖြင့်သွားခဲ့ကြရသည်။

ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီကို မဟာဗောဓိဝိဟာရဟုလည်းခေါ်သည်။ သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ခဲ့ပြီးနောက် ဗောဓိမဏ္ဍိုင်သို့ ရောက်ရှိခဲ့သည်။ ထို့နောက် အသောကမင်းကြီးသည် မဟာဗောဓိစေတီကို ကနဦးတည်ခဲ့သည်ဟုဆိုကြသည်။ သို့သော် ယခုဖူးမြင်နေရသည့် စေတီတော်မှာမူ အသောကမင်းကြီး တည်ခဲ့သည့် စေတီမဟုတ်တော့ဘဲ နောက်ပိုင်းတွင်တည်ထားသည့် လက်ရာဖြစ်သည်ဟုဆိုသည်။

တရုတ်ခရီးသည် ဖာဟီယန်နှင့် ရှွင်ကျမ်တို့၏ ခရီးသွားမှတ်တမ်းများအရ လက်ရှိ မဟာဗောဓိစေတီကို ခရစ်နှစ် နှစ်ရာစုခန့်က တည်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုတေသီများက သတ်မှတ်ဆုံးဖြတ်ခဲ့သည်ဟု ဆရာပါရဂူက ရေးသားခဲ့သည်။

ဗုဒ္ဓဂယာမဟာဗောဓိစေတီကို လက်ရှိအနေအထား သို့ရောက်ရှိလာစေရန် ကုသိုလ်ပြုပ်ပိုးကြသူများသည် အိန္ဒိယတစ်နိုင်ငံတည်းမှမဟုတ်ဘဲ သီရိလင်္ကာ၊ မြန်မာ စသောဗုဒ္ဓဘာသာနိုင်ငံများမှ ကုသိုလ်ရှင်များလည်း ပါဝင်ခဲ့ကြသည်။ ထိုကုသိုလ်ရှင်များအနက် ဗုဒ္ဓဂယာတွင် ပထမဆုံးကုသိုလ်ပြုသည့် မြန်မာဘုရင်သည် ပုဂံဘုရင်ကျန်စစ်သားဖြစ်သည်။

ကျန်စစ်သားနှင့် ဗုဒ္ဓဘာသာ

အေဒီ နှစ်ရာစုခန့်တွင် ထွန်းကားခဲ့သည့် ပျူမြို့ဟောင်းသရေခေတ္တရာ ခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သည့် ရွှေပေလွှာအချပ် ၂၀ တွင်ပါရှိသည့် ဗုဒ္ဓတရားတော်ကောက်နုတ်ချက် အထောက်အထားများအရ ထေရဝါဒဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံသို့ ပျူခေတ်ကတည်းကပင် ရောက်ရှိနေကြောင်း ယူဆနိုင်သည်။ ပျူခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် ပုဂံခေတ် အနော်ရထာမင်းကြီးလက်ထက်တွင် ဗုဒ္ဓဘာသာသည် ပိုမိုထွန်းကားလာခဲ့ကာ ယုံကြည်ကိုးကွယ်မှုများ တိုးတက်များပြားလာခဲ့သည်။ သမိုင်းစာအုပ်များတွင် ရေးသားသက့ဲသို့ အနော်ရထာမင်းသည် သထုံမှ ပိဋ္ဌကသုံးပုံကို ပင့်ဆောင်ခဲ့ပြီးမှ ပုဂံသို့ ဗုဒ္ဓဘာသာရောက်ရှိလာခဲ့သည်ဆိုသောအချက်သည် တိကျမှန်ကန်မှုမရှိဟုဆိုရမည်ဖြစ်သည်။

ပုဂံခေတ်နောက်ပိုင်းတွင် ပေါ်ထွန်းခဲ့သည့် ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့်ခေတ်များတွင်လည်း မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာထွန်းကားခဲ့ကာ ၎င်းခေတ်များတွင် တည်ဆောက်ခဲ့သည့် စေတီပုထိုးများစွာကို ယနေ့တိုင်မြင်တွေ့ကြရသည်။

ပြည်ရွှေဆံတော်စေတီကျောက်စာတိုက်တွင်ထိန်းသိမ်းထားသည့် ကျန်စစ်သားကျောက်စာ။

ကျန်စစ်သားနန်းတက်ချိန်(၁၀၈၄-၁၁၁၃)တွင် ပုဂံ၌ ဗုဒ္ဓဘာသာကိုးကွယ်မှုထွန်းကားနေပြီဖြစ်သည်။ ရာဇကုမာရ်ကျောက်စာအရ ကျန်စစ်သားသည် သာသနာနှစ် ၁၆၂၈ ခုနှစ်တွင် နန်းတက်ခဲ့သဖြင့် သက္ကရာဇ်ဖလှယ်လျှင် ခရစ်နှစ် ၁၀၈၄ ခုနှစ်ဖြစ်သည်။

မှန်နန်းရာဇဝင်တွင် ကျန်စစ်သားကို အနော်ရထာနှင့်ယှဉ်သော ပဋ္ဌသန္ဓေမှ ဖွားမြင်သူဟုဆိုသော်လည်း ကျန်စစ်သားကမူ မိမိရေးထိုးခဲ့သည့် ကျောက်စာများတွင်အနော်ရထာသည်မိမိ၏ခမည်းတော်ဖြစ်ကြောင်း မရေးထိုးခဲ့ပေ။ ကျန်စစ်သား၏ ကျောက်စာများတွင် မိမိ၏ဖခင်သည် အာဒိစ္စဝံသနေမျိုးဖြစ်ကြောင်း၊ ဗိဿနိုးနတ်ဝင်စားသူဖြစ်ကြောင်းတို့ကိုသာ တွေ့ရှိရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ခဲ့သည့် ကျန်စစ်သားမင်းကြီးသည် အနော်ရထာမင်းလက်ထက်တွင် မပြီးစီးခဲ့သည့် စည်းခုံစေတီတော်ကို ခရစ်နှစ် ၁၀၈၉ ခုနှစ်တွင် ငုံပြီးတည်ခဲ့ရာ ၁၈၉၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။ ထို့နောက်မွန်ဘာသာဖြင့်ရေးထိုးသည့် ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိကျောက်စာနှစ်ချပ်ကို ရွှေစည်းခုံစေတီရင်ပြင်တွင်စိုက်ထူခဲ့ရာ ရွှေစည်းခုံမွန်ကျောက်စာဟုလည်း ထင်ရှားခဲ့သည်။ ကျန်စစ်သားမင်းကြီးသည် ၁၈၉၁ ခုနှစ်တွင် အာနန္ဒာစေတီကိုတည်ခဲ့သည်။

ကျန်စစ်သားမင်းကြီးသည် ပုဂံ၌နန်းစံနေခိုက်မှာပင် ဗုဒ္ဓဂယာရှိစေတီတော်ကို မွမ်းမံတည်ဆောက်ရန် ကျောက်မျက်ရတနာများကို ပေးပို့လှူဒါန်းခဲ့သည့် ကျောက်စာအထောက်အထားရှိသည်။

ကျန်စစ်သား၏ ရွှေဆံတော်မွန်ကျောက်စာ

ကျန်စစ်သားမင်းကြီးသည် မိမိ၏ နန်းသက်တစ်လျှောက်၌ မွန်ဘာသာဖြင့်သာ ကျောက်စာများကို ရေးထိုးခဲ့သည်။ ထိုကျောက်စာများအနက် ပြည်မြို့ ရွှေဆံတော်စေတီတွင် စိုက်ထူခဲ့သည့် ကျောက်စာတွင် ဗုဒ္ဓဂယာအလှူမှတ်တမ်းကိုပါ ထည့်သွင်းရေးထိုးခဲ့သည်။

ကျန်စစ်သားမင်းကြီးသည် သက္ကရာဇ် ၄၄၅ ခုနှစ် (၁၀၈၃ ခုနှစ်) တွင် ပြည်ရွှေဆံတော်စေတီကို ဖူးမြော်ပြီး မွန်ဘာသာဖြင့် ကျောက်စာများရေးထိုးကာ စေတီတော်အလယ်ပစ္စယာ တနင်္ဂနွေထောင့်တွင် စိုက်ထူခဲ့သည်။ ထိုကျောက်စာများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ရွှေဆံတော်စေတီတော် အောက်ခြေတွင် ကျောက်စာတိုက်တည်ဆောက်ပြီး ထိန်းသိမ်းထားသည်။

မွန်ဘာသာဖြင့်ရေးထိုးခဲ့သည့် ရွှေဆံတော်ကျောက်စာ လေးချပ်ကို ရှေးဟောင်းသုတေသနဝန်ထောက် ဦးချစ်သိန်းက မြန်မာဘာသာသို့ ပြန်ဆိုခဲ့သဖြင့် မြန်မာဘာသာဖြင့် အပြည့်အဝ နားလည်နိုင်ခဲ့ကြသည်။

ပထမကျောက်စာတိုင်တွင် စာကြောင်း ၃၂ ကြောင်း၊ ဒုတိယကျောက်စာတိုင်တွင် စာကြောင်း ၃၃ ကြောင်း၊ တတိယနှင့် စတုတ္ထကျောက်စာတိုင်တွင် စာကြောင်းရေ ၃၀ စီ ရေးထိုးထားသည်။

ရွှေဆံတော်ကျောက်စာကို ဂြီ နမောတဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူသည့် ဘုရားရှိခိုး စာသားဖြင့်စတင်ကာ ကျောက်စာရေးထိုးသည့်ရက်ကို သက္ကရာဇ် ၄၅၅ ခုနှစ် ဝါခေါင်လဆန်းသောကြာနေ့ဟု ဖော်ပြထားသည်။ ဝါခေါင်လဆန်းစာသားနောက်တွင် ဆက်ရေးထားသည့် ကိန်းဂဏန်းက ပျက်နေသဖြင့် ဝါခေါင်လဆန်းမည်သည့်ရက်ဟု မထင်ရှားသော်လည်း သောကြာနေ့ဟု ဖော်ပြထားသည်။ သက္ကရာဇ် ၄၅၅ ခုနှစ် ဝါခေါင်လဆန်း ၄ ရက်နှင့် ၁၁ ရက်သည် သောကြာနေ့ဖြစ်သဖြင့် ကျောက်စာရေးထိုးသည့်ရက်သည် ၁၀၉၃ ခုနှစ် ဇူလိုင် ၂၉ ရက်သို့မဟုတ် သြဂုတ် ၅ ရက်ဖြစ်ကြောင်း တွေ့ရသည်။

ကျောက်စာအစတွင် ကျန်စစ်သားမင်းကြီးသည် မိမိရေးထိုးသည့်မွန်ကျောက်စာများအတိုင်း ဇေတဝန်ကျောင်းတော်တွင် ဗုဒ္ဓဘုရားရှင် သီတင်းသုံးနေစဉ် ပြိုးတော်မူခြင်းမှစတင်သည်။ ဘုရားရှင်ပြိုးတော်မူခြင်းကို မြင်သည့် ရှင်အာနန္ဒာက ပြိုးတော်မူခြင်း အကြောင်းကိုမေးမြန်းလျှောက်ထား၍ အတိတ်ဘဝဇာတ်ကြောင်းများကို ရေးထိုးထားသည်။ ပထမကျောက်စာတိုင်စာကြောင်းရေ ၂၄ တွင် ခမည်းတော်ကား အာဒိစ္စဝံသမင်းမျိုးတည်းဟု ဖော်ပြခဲ့သည်။

ရွှေဆံတော်ကျောက်စာတတိယတိုင်တွင် ပုဂံမြို့၏အရှေ့မြောက်ထောင့်ရှိ ဇယဘူမိအရပ်၌ ရွှေစည်းခုံစေတီကိုတည်ကြောင်း ဦးစွာရေးထိုးပြီး ပျက်စီးယိုယွင်းကွယ်ပျောက်တိမ်မြုပ်သွားသော မြတ်သော ပိဋ္ဌကသုံးပုံကို စုဆောင်းသိမ်းဆည်း သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်တော်မူ၏ဟု ရေးထိုးထားသည်။

ဆက်လက်၍ ဗုဒ္ဓဂယာအလှူများကို ရေးထိုးမှတ်တမ်းတင်ထားရာ "အခြားမင်းများဖျက်ဆီးသော ဂြီဗဒြာသ်ကို ဂြိတြိဘုဝနာဒိတျ ဓမ္မရာဇာမင်းသည် တစ်ပါးမက မျှားလှစွာသောရတနာတို့ကိုယူ၍ သင်္ဘော်ဖြင့် ပို့စေပြီးလျှင် မြတ်သော ဂြီဗဒြာသ်ကို ပြုပြင်ပြင်ဆင်စေ၏"ဟု ဆရာဦးချစ်သိန်းက မြန်မာဘာသာပြန်ဆိုခဲ့သည်။ အောက်ခြေမှတ်စုတွင် ဂြီဗဒြာသ်ကို ဗုဒ္ဓဂယာမဟာဗောဓိဝဇိရာသနပလ္လင်ကို ဆိုလိုသည်ဟု ရှင်းလင်းချက်ဖော်ပြထားသည်။

ဆက်လက်၍ လယ်မြေဝယ်ကြောင်း၊ ကန်တူးကြောင်း၊ လယ်မြေကိုရေဝင်အောင်ပြုလုပ်ကြောင်း၊ တမံတာရိုးကို ဆည်ကြောင်း၊ ဖယောင်းဆီမီးကိုလည်း မငြိမ်းမသေအောင် ထွန်းညှိပူဇော်စေကြောင်း၊ စည်ကြီး တူရိယာအတီးအမှုတ်၊ အဆိုအကတို့ဖြင့် ပူဇော်သည်မှာ ရှေးကထက် ကောင်းမွန်သာယာလှကြောင်း ဖော်ပြထားသည်။

ထို့နောက် ဟောင်းနွမ်းပျက်စီးယိုယွင်းနေသော ဓမ္မာသောကမင်းပြုလုပ်ခဲ့သော အဆောက်အအုံကြီး (မဟာဝါဝတ္ထု)တို့ကိုလည်း အသစ်ပြုပြင်ဆောက်လုပ်တော်မူ၏ဟုမှတ်တမ်းပြုရေးထိုးထားသည်၊ မဟာဝါဝတ္ထုသည် သီရိဓမ္မာသောကမင်း တည်ထားခဲ့သော အဆောက်အအုံများကိုဆိုလိုသည်ဟု ကျောက်စာကို မြန်မာဘာသာပြန်ဆိုသူ ဆရာဦးချစ်သိန်းက ရှင်းလင်းဖော်ပြခဲ့သည်။ ထို့ကြောင့် သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက ယနေ့ထိ ဗုဒ္ဓဂယာ မဟာဗောဓိဘုရားအထွတ်သည် ပုဂံလက်ရာဖြစ်ကြောင်း ထင်ရှားစွာမြင်နိုင်ပါသည်ဟုလည်းကောင်း၊ ပုဂံနှင့် အနောက်အာရှ၌သာရှိသည့် ခိုမြီးတုံးပေါက် (Radia-tion Arch) ကို မဟာဗောဓိတွင် မြင်ရခြင်းသည် ကျန်စစ်သားမင်းကောင်းမှုဟု သက်သေထူနေကြောင်း ရေးသားခဲ့သည်။

ဆက်လက်၍ ပုဂံသို့ရောက်ရှိလာသော စောလီမင်း(ကျေးကုလားမင်း)ကို ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်များ ရေးသားထားသည့် ရွှေပြားကိုပေးခဲ့ရာ စောလီမင်းသည် မိစ္ဆာဒိဋ္ဌိအယူမှ သမ္မာဒိဋ္ဌိအယူသို့ ကူးပြောင်းသက်ဝင်သွားကြောင်း စသည်တို့ကို ရေးထိုးထားရာ ဗုဒ္ဓဂယာအလှူတော်ကိစ္စနှင့် ပတ်သက်ခြင်းမရှိပေ။

ကျန်စစ်သားနန်းစံသည့်ကာလတွင် ပုဂံ၌ ဗုဒ္ဓ ဘာသာကိုးကွယ်မှု စည်ပင်ဖွံ့ဖြိုးနေပြီဖြစ်သကဲ့သို့ ဘုရင်ကိုယ်တိုင်ကလည်း ဗုဒ္ဓဘာသာကိုယုံကြည်ကိုးကွယ်မှုထက်သန်ကြောင်း ကျန်စစ်သားမင်းကြီးရေးထိုးခဲ့သည့် ကျောက်စာများတွင် တွေ့ရှိနိုင်သည်။

ထို့ကြောင့် ကျန်စစ်သားမင်းကြီးသည် ရွှေစည်းခုံစေတီနှင့် အာနန္ဒာစေတီတို့ကို တည်ခဲ့ရုံသာမက ဘုရားရှင်ပွင့်တော်မူသည့် ဗုဒ္ဓဂယာရှိ သာသနာ့အဆောက်အအုံများကိုပင် လှူဒါန်းမှုများပြုခဲ့ကြောင်း ရွှေဆံတော်ကျောက်စာက သက်သေပြနေခဲ့ပေသည်။

ကိုးကား

- **မွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)**
- **အိန္ဒိယခရီးသည်(ပါရဂူ)**
- **ပုဂံခေတ်မြန်မာရာဇဝင်(ဒေါက်တာသန်းထွန်း)**
- **ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)**

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မုံရွာ ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

အရာတော်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း၏ ၁၃၃၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ ပဲတီစိမ်း ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား၊ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်း မျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်း စသည်တို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

ကွက်လပ်ဖြည့်ပါ

- အဘိုးစိုက်သည့်
  မြေ၌သန်ရှင် သစ်တစ်ပင်တည့်
  စိုလွင်ရိပ်ပေး သီးမှည့်ကျွေး၏
  သွေးသက်အားအင် အောက်ဆီဂျင်နှင့်။
- အဖေစိုက်သည့်
  မြေ၌သန်ရှင် သစ်တစ်ပင်တည့်
  ငြိမ့်ညင်လေသွေး ပန်းနံ့မွှေး၏
  သွေးသက်အားအင် အောက်ဆီဂျင်နှင့်။
- အို...ချစ်မငြီးသည့်
  သမီးနှင့်သား ထီးနှင့်အားတို့
  ပွားစည်ထွန်းသစ် မြေးနှင့်မြစ်တွက်
  အချစ်အမြင် သစ်တစ်ပင်ကို
  ရင်မှာထွေးပွေ့ ပျိုးစိုက်မွေ့လော့
  အလေ့မပျက် မျိုးတစ်ဆက်ဝယ်
  ကွက်လပ်မကျန်ပါစေနှင့်။ ။

ချစ်စုအောင်

သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာ၌ အခြေခံစက်ချုပ်နည်းသင်တန်းဖွင့်ပွဲ ကျင်းပ

သာယာဝတီ ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် အခြေခံစက်ချုပ်နည်းသင်တန်း ဖွင့်ပွဲကို သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၉ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အခြေခံစက်ချုပ်နည်းသင်တန်းသို့ လက်ပံတုန်းကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်၊ ချိတ်စကပ် စသည်တို့ကို ဇွန် ၉ ရက်မှ ဇူလိုင် ၈ ရက်ထိ တစ်လကြာ စာတွေ့၊လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး မွမ်းမံစက်ချုပ်သင်တန်းကိုလည်း ဇူလိုင် ၁၁ ရက်မှ ၂၅ ရက်ထိ ၁၅ ရက်ကြာ ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။ **သုတ**

မင်းဘူးမြို့နယ် နိဗ္ဗာန်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းဘူး ဇွန် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိဗ္ဗာန်ကျွန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၁၄ ဒသမ ၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နိဗ္ဗာန်ကျွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇၇ ဦးကို ငွေကျပ် ၄၈၀ ဒသမ ၃ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃၄ ဒသမ ၃ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၉၁ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၁၄ ဒသမ ၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

နိုင်ငံတကာ သတင်းများ

ပဋိပက္ခကာလတစ်လျှောက် အကြီးမားဆုံးအကျဉ်းသားချင်းလဲလှယ်မှု လုပ်ငန်းပထမအဆင့် ရုရှားနှင့် ယူကရိန်းတို့စတင်

မော်စကို ဇွန် ၁၀

ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် ယူကရိန်းပဋိပက္ခကာလတစ်လျှောက်အကြီးမားဆုံးအကျဉ်းသားချင်း အပြန်အလှန်လဲလှယ်ရေးအစီအစဉ် ပထမအဆင့်ကို ဇွန် ၉ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ဇွန် ၉ ရက် အကျဉ်းသားချင်းလဲလှယ်မှုတွင် ရုရှားနှင့် ယူကရိန်းတို့သည် အသက် ၂၅ နှစ်အောက် အကျဉ်းသားများကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဇွန် ၂ ရက်တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပခဲ့သည့် နှစ်နိုင်ငံ တိုက်ရိုက်ဆွေးနွေးပွဲ၌ ရယူထားသည့်သဘောတူညီချက် အရ အကျဉ်းသားချင်းလဲလှယ်ရေး အစီအစဉ် ပထမအဆင့်ကို စတင်ခဲ့ခြင်းဖြစ်သည်။

အစ္စတန်ဘူလ်ဆွေးနွေးပွဲတွင် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် အနည်းဆုံးအကျဉ်းသား ၁၂၀၀ စီ အပြန်အလှန်လွှတ်ပေးရန် သဘောတူထားကြပြီးဖြစ်သည်။

ဇွန် ၉ ရက်တွင် စတင်လွှတ်မြောက်လာခဲ့သည့် အကျဉ်းသားများအရေအတွက်ကို ရုရှားနှင့် ယူကရိန်းနှစ်ဖက်စလုံးက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

အစ္စတန်ဘူလ်ဆွေးနွေးပွဲတွင် ရုရှားနှင့် ယူကရိန်းတို့သည် သုံးနှစ်ကျော်ကြာ ယူကရိန်းပဋိပက္ခကာလအတွင်း သေဆုံးခဲ့ကြသည့် တပ်ဖွဲ့ဝင်များ၏ရုပ်အလောင်းများကိုလည်း ပြန်လည်လွှဲပြောင်းပေးရန် သဘောတူထားကြောင်း သိရသည်။

Ref : RT
Trs : KKO

ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်း ပထမဆုံးအကြိမ် တရုတ်လေယာဉ်တင်သင်္ဘောနှစ်စီး လှုပ်ရှားမှုပြုလုပ်

တိုကျို ဇွန် ၁၀

ပစိဖိတ်သမုဒ္ဒရာဒေသ၌ တရုတ်ရေတပ်မှ လေယာဉ်တင်သင်္ဘောနှစ်စီး တစ်ချိန်တည်းလှုပ်ရှားနေမှုကို ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်းတွေ့ရှိထားကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ပစိဖိတ်သမုဒ္ဒရာ အတွင်းသို့ တရုတ် လေယာဉ်တင်သင်္ဘောနှစ်စီးရောက်ရှိနေမှုသည် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏စစ်အင်အားဖြန့်ကြက်နိုင်စွမ်းကို တရုတ်နယ်စည်းများအလွန်ထိတိုးချဲ့ရန် ရည်ရွယ်ထားမှုအား ပြသနေကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သုံးသပ်ထားသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်းရောက်ရှိနေသည့် တရုတ်ရေတပ်လေယာဉ်တင်သင်္ဘောနှစ်စီးမှာ လျောင်နင်းလေယာဉ်တင်သင်္ဘောနှင့်ရှန်တုန်းလေယာဉ်တင်သင်္ဘောတို့ ဖြစ်ကြပြီး ဇွန် ၇ ရက်တွင် နေရာခွဲ၍ လှုပ်ရှားမှုများ ပြုလုပ်နေခဲ့ကြကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားသည်။

ယင်း တရုတ်လေယာဉ်တင်သင်္ဘောနှစ်စီးစလုံးသည် ဂျပန်နိုင်ငံ၏တောင်ဘက်စွန်း ကျွန်းများအနီးရှိနေခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

အဆိုပါတရုတ်လေယာဉ်တင်သင်္ဘောနှစ်စီး၏ လှုပ်ရှားမှုများကြောင့် ဂျပန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးမထိခိုက်စေရေးအတွက် တရုတ်အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ထားကြောင်း ဂျပန် ကာကွယ်ရေး ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တရုတ်လေယာဉ်တင်သင်္ဘောများအနေဖြင့် ပစိဖိတ်သမုဒ္ဒရာဒေသ၌ ပြုလုပ်နေသော လှုပ်ရှားမှုများမှာ နိုင်ငံတကာဥပဒေနှင့် ညီညွတ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့် ရှိသူက ပြောကြားထားသည်။

Ref : Xinhua
Trs : KKO

လော့စ်အိန်ဂျလိစ်၌ မရိန်းတပ်များ ယာယီဖြန့်ကြက်ရန် အမေရိကန်အစိုးရညွှန်ကြား

ဝါရှင်တန် ဇွန် ၁၀

လော့စ်အိန်ဂျလိစ်မြို့၌ ဖြစ်ပွားနေသည့် လမ်းပေါ်ဆန္ဒပြပွဲများကို ထိန်းချုပ်ရာတွင်ကူညီရေးအတွက် မရိန်းတပ်ဖွဲ့ဝင် ၇၀၀ခန့်ကို လော့စ်အိန်ဂျလိစ်၌ ယာယီဖြန့်ကြက်ထားရန် အမေရိကန်အစိုးရက ဇွန် ၉ ရက်တွင် ညွှန်ကြားထားသည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်များသည် အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များအင်အားအလုံအလောက်ရောက်ရှိလာချိန်ထိ လော့စ်အိန်ဂျလိစ်မြို့၌ ရှိနေမည်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရ၏ညွှန်ကြားချက်အရ ကယ်လီဖိုးနီးယားတောင်ပိုင်း၌အခြေစိုက်ထားသည့် မရိန်းတပ်ဖွဲ့ဝင်များသည် ယနေ့တွင် လော့စ်အိန်ဂျလိစ်သို့ စတင်ရောက်ရှိနိုင်ကြောင်း သိရသည်။

အမေရိကန်လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အကောက်ခွန်ဌာနတာဝန်ရှိသူများက ဇွန် ၆ ရက်တွင် စီးနင်းမှုများပြုလုပ်၍ အထောက်အထားမဲ့တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများကို ဖမ်းဆီးခဲ့ပြီးနောက် လော့စ်အိန်ဂျလိစ်မြို့၌ ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

လော့စ်အိန်ဂျလိစ် ဆန္ဒပြပွဲများကို ထိန်းချုပ်ရေးအတွက် အမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၄၀၀၀ထိစေလွှတ်ရန် အမေရိကန်အစိုးရက စီစဉ်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၎င်း၏ဒုတိယသက်တမ်းတွင် လူဝင်မှုကြီးကြပ်ရေးမူဝါဒများကို ထပ်မံတင်းကျပ်ခဲ့ပြီး အထောက်အထားမဲ့တရားမဝင် ဝင်ရောက်သူများကို စီးနင်းဖမ်းဆီးမှုများ ပိုမိုပြုလုပ်လာခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဆိုးလ်မြို့ သမိုင်းဝင်ဂျိုကျေးဘုရားကျောင်းဝင်းရှိ အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွား

ဆိုးလ် ဇွန် ၁၀

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ သမိုင်းဝင်ဂျိုကျေးဘုရားကျောင်းဝင်းအတွင်းရှိ အဆောက်အအုံတစ်လုံး၌ ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည့်အဆောက်အအုံသည် တောင်ကိုရီးယားနိုင်ငံ၏အမျိုးသားအမွေအနှစ်ပစ္စည်းအချို့ထိန်းသိမ်းထားရှိရာနေရာဖြစ်သည်။

သို့ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်ကျွမ်းမှုကို အလျင်အမြန် ငြိမ်းသတ်နိုင်ခဲ့ရာ အမျိုးသားအမွေအနှစ်ပစ္စည်းများ အထိအခိုက်မရှိခဲ့ကြောင်း ဆိုးလ်မြို့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးလောင်မှုဖြစ်ပွားစဉ် ဂျိုကျေးဘုရားကျောင်းအတွင်းရှိနေသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးနှင့် ဘုရားကျောင်းတာဝန်ရှိသူ ၃၀၀ ကျော်ကို မီးသတ်တပ်ဖွဲ့ဝင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားခဲ့ပြီးနောက် အဆောက်အအုံအတွင်းရှိ အမျိုးသားအမွေအနှစ်ပစ္စည်းများကို ပြာနှင့် မီးခိုးများအန္တရာယ်မှ ကာကွယ်ရေးအတွက် ယာယီအားဖြင့် နေရာရွှေ့ပြောင်းထားရန်တာဝန်ရှိသူများက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို တောင်ကိုရီးယားတာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဩစတြီးယားနိုင်ငံ စာသင်ကျောင်းတစ်ကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား အနည်းဆုံး ကိုးဦးသေဆုံး

ဗီယင်နာ ဇွန် ၁၀

ဩစတြီးယားနိုင်ငံ ဂရက်ဇ်မြို့ စာသင်ကျောင်း တစ်ကျောင်း၌ ယနေ့တွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူပေါင်း ကိုးဦးသေဆုံး၍ အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါစာသင်ကျောင်းသေနတ်ပစ်ခတ်မှုအတွင်း အနည်းဆုံး လူပေါင်း ၁၀ ဦးလည်း ဒဏ်ရာများ ရရှိခဲ့ကြောင်း ဂရက်ဇ်မြို့ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

စာသင်ကျောင်း သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သူအဖြစ်ယူဆရသူကို စာသင်ကျောင်းရေချိုးခန်းအတွင်း သေဆုံးလျက်အနေအထားတွေ့ရှိရကြောင်း ဩစတြီးယားပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စာသင်ကျောင်း သေနတ်ပစ်ခတ်မှုအတွင်း သေဆုံး၊ ဒဏ်ရာရခဲ့သူများထဲတွင် ကျောင်းသားများ ပါဝင်မှု ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ဩစတြီးယား နိုင်ငံသည် ဥရောပတိုက်၌ အရပ်သားများ လက်နက်ကိုင်ဆောင်မှု အမြင့်ဆုံး နိုင်ငံများထဲတွင် ပါဝင်သည်။

လွတ်လပ်သည့် သုတေသနအဖွဲ့အစည်းများ ခန့်မှန်းချက်အရ ဩစတြီးယားနိုင်ငံတွင် လူပေါင်း ၁၀၀ လျှင် လက်နက်ငယ် ၃၀အထိ ရှိတတ် ကြောင်း သိရသည်။

Ref : RT
Trs : KKO

SCIENCE AND TECHNOLOGY

နာဆာအဖွဲ့က ESCAPADE အင်္ဂါဂြိုဟ်လေ့လာရေးအာကာသမစ်ရှင်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံဖြင့်လွှတ်တင်ရန် စီစဉ်ထား

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)အဖွဲ့သည် ESCAPADE အမည်ရှိ အင်္ဂါဂြိုဟ်လေ့လာရေး အာကာသမစ်ရှင်ကို ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံဖြင့် ယခုနှစ် နွေရာသီအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

မိမိတို့အနေဖြင့် ESCAPADE အင်္ဂါဂြိုဟ်လေ့လာရေးမစ်ရှင်ကို ဘလူးအော်ရီဂျင်၏ New Gleen ဒုံးပျံဖြင့် ယခုနှစ် နွေရာသီအတွင်း လွှတ်တင်ရန်စီစဉ်ထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် မူလက ESCAPADE မစ်ရှင်ကို ၂၀၂၄ ခုနှစ်အောက်တိုဘာလတွင် New Gleen ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားခဲ့သည်။

သို့ရာတွင် ၎င်းမစ်ရှင်အတွက် New Gleen ဒုံးပျံအသင့်အနေအထား ရှိမနေမှုကြောင့် လွှတ်တင်ရေးအစီအစဉ်ကို နာဆာက ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် ၂၀၂၇ ခုနှစ် စက်တင်ဘာလတွင် အင်္ဂါဂြိုဟ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ESCAPADE မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် အင်္ဂါဂြိုဟ်၏ သံလိုက်စက်ကွင်းလွှာများနှင့် လေထုလွှာတို့ကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

Space-X ကုမ္ပဏီက ယခုနှစ်၏ အကြိမ် ၇၀ မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို လွှတ်တင်ခဲ့

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ယခုနှစ်၏ အကြိမ် ၇၀ မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုများကို ဇွန် ၉ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တုသစ် ၂၆စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်အတွင်း ဖယ်လ်ကွန်-၉ မစ်ရှင်ပေါင်း ၇၀ လွှတ်တင်ထားရာ မစ်ရှင် ၅၂ ခုမှာ စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များ ဖြစ်ကြသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၇၀ ထိ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

တရုတ်နိုင်ငံ၏ တီယန်ဝန်-၂ အာကာသယာဉ်က 2016 HO 3 ဂြိုဟ်သိမ်ဆီသို့ ဦးတည်ပျံသန်းနေစဉ် ပထမဆုံးဓာတ်ပုံကို ရိုက်ကူးနိုင်ခဲ့

ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံ၏ တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HO 3 အမည်ရှိ ဂြိုဟ်သိမ်ဆီသို့ ဦးတည်ပျံသန်းနေစဉ် ၎င်း၏ပထမဆုံးဓာတ်ပုံကို ရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် ယာဉ်ပေါ်၌တပ်ဆင်ထားသည့် ကင်မရာစနစ်တစ်ခုကိုအသုံးပြု၍ ယာဉ်၏နေစွမ်းအင်ပြားနှစ်ပြားတွင် တစ်ပြားကို ဓာတ်ပုံရိုက်ကူးခဲ့ပြီး မြေပြင်ထိန်းချုပ်ရေးစခန်းသို့ ပြန်လည်ပေးပို့ခဲ့သည်ဟု တရုတ် အမျိုးသားအာကာသ အေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် တရုတ်နိုင်ငံ၏ပထမဆုံး သော ဂြိုဟ်သိမ်ကျောက်သားနမူနာကောက်ယူရေး အာကာသယာဉ်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်ကို တရုတ်အမျိုးသားအာကာသအေဂျင်စီက မတ် ၂၈ ရက်တွင် လောင်းမတ်ချ်-၃ ဘီဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး တီယန်ဝန်-၂ အာကာသယာဉ်သည် 2016 HO 3 ဂြိုဟ်သိမ် ကျောက်သားနမူနာများကို ၂၀၂၆ ခုနှစ်တွင်ရယူ၍ ၂၀၂၇ ခုနှစ်တွင် ကမ္ဘာပေါ်သို့ပြန်လည်ပို့ဆောင်မည်ဖြစ်သည်။

တီယန်ဝန်-၂ အာကာသယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်နှင့်မိုင်ပေါင်း ၁ ဒသမ ၈၆ သန်းအကွာသို့ ရောက်ရှိလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

HEALTH

မွန်းလွဲပိုင်းအိပ်ငိုက်ချိန် ပုံမှန်ထက်ရှည်လျားပါက အသက်ငယ်ငယ်ဖြင့် ဆုံးပါးနိုင်ခြေမြင့်မားလာနိုင်

နယူးယောက် ဇွန် ၁၀

မွန်းလွဲပိုင်း အိပ်ငိုက်ချိန်ပုံမှန်ထက်ရှည်လျားပါက အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် ဆုံးပါးနိုင်ခြေ ပုံမှန်ထက်မြင့်မားလာနိုင်ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မက်ဆာချူးဆက် အထွေထွေဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ အဆိုအရ မွန်းလွဲပိုင်းကာလ အိပ်ငိုက်မှုနှင့် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေတို့ကြား ဆက်စပ်မှုရှိကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၉၀၀၀၀ ခန့်၏ အိပ်ငိုက်မှုပုံစံများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ မွန်းလွဲချိန်နှင့် ညနေ သုံးနာရီကြား အိပ်ငိုက်ချိန်မှာ မိနစ် ၃၀ ထက်ကျော်လွန်သူများမှာ အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေ မြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့ဖူးသည့်သုတေသနစစ်တမ်းများတွင်လည်း နေ့ပိုင်း အိပ်ငိုက်မှုနှင့်ကျန်းမာရေးပြဿနာများ အဆက်အစပ်ရှိသည်ဟု ဖော်ထုတ်တင်ပြခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်း၌ အိပ်ငိုက်ချိန်ပုံမှန်ထက်ရှည်လျားမှုသည် မြေပ်ကွယ်နေသော ကျန်းမာရေးပြဿနာတစ်ခုခု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ရောဂါလက္ခဏာဖြစ်ပေါ်ခါစ အယ်ဇိုင်းမားလူနာများကို သွေးစစ်နည်းတစ်မျိုးဖြင့် တိကျစွာဖော်ထုတ်နိုင်

နယူးယောက် ဇွန် ၁၀

အယ်ဇိုင်းမားရောဂါ သွေးစစ်နည်းတစ်မျိုးသည်ရောဂါလက္ခဏာများ ဖြစ်ပေါ်ခါစ လူနာများကို တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ ဖန်တီးထားသည့် အထက်ပါ သွေးစစ်နည်းသည် သွေးရည်ကြည်အတွင်းရှိ ပရိုတင်းနှစ်မျိုးကို တိုင်းတာပေးခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

ဦးနှောက်အတွင်း အမီလွိုက်ဘီတာပရိုတင်းနှင့် P-tau 217 အမည်ရှိ ပရိုင်တင်းများစုစည်းမှုသည် အယ်ဇိုင်းမားရောဂါ၏ လက္ခဏာများသာ ဖြစ်ကြကြောင်း သိရသည်။

လက်တွေ့ လေ့လာစမ်းသပ်မှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိမိတို့၏ သွေးစစ်နည်းသည် ရောဂါလက္ခဏာဖြစ်ပေါ်ခါစ အယ်ဇိုင်းမားလူနာများကို ၉၅ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့ဖန်တီးထားသော သွေးစစ်နည်း၏ ထိရောက်မှုကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အယ်ဇိုင်းမားရောဂါ သွေးစစ်နည်းကို အမေရိကန် အစိုးရ အစားအစာနှင့်ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က အသုံးပြုခွင့် ပေးထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

နည်းပြချီဗူးကို နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အင်တာမီလန်အသင်း ထုတ်ပြန်

မီလန် ဇွန် ၁၀

အင်တာမီလန် အသင်းသည် အသင်းမှ ထွက်ခွာသွားသည့် နည်းပြအင်ဇာဂီ နေရာတွင် အစားထိုးရန်အတွက် အသင်း၏ ကစားသမားဟောင်း တစ်ဦးဖြစ်သည့် နည်းပြချီဗူးကို လာမည့် ၂၀၂၇ ခုနှစ်ထိ နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

နည်းပြ အင်ဇာဂီသည် ချန်ပီယံလီဂ် ဗိုလ်လုပွဲစဉ်တွင် အင်တာမီလန်အသင်းက ပီအက်စ်ဂျီအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ရက်ပိုင်းအကြာတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကာ ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

ထို့နောက် အင်တာမီလန် အသင်းက အသင်းကိုအကျိုးပြုနိုင်မည့် အတွေ့အကြုံကောင်းများ ရှိသည့် နည်းပြတစ်ဦးကို ရှာဖွေခဲ့ရာ အသင်းနှင့်အတူ ကစားသမားဘဝတွင် အောင်မြင်မှုများ ရရှိခဲ့သည့် နည်းပြချီဗူးကို အင်ဇာဂီနေရာတွင် အစားထိုးခဲ့ကြောင်း သိရသည်။

အသက် ၄၄ နှစ်ရှိ ချီဗူးသည် အသင်းအတွက် အစွမ်းကုန် ပေးဆပ်ကစားရ၍ ရည်မှန်းချက်ကြီးမားသည့် ကစားသမားတစ်ဦး ဖြစ်သောကြောင့် ၂၀၀၃ ခုနှစ်က အီတလီကလပ် ရိုးမားအသင်းသို့ ရောက်ရှိခဲ့ချိန်တွင် ကိုပါအီတာလီယာဖလား ဆွတ်ခူးပေးနိုင်ခဲ့ကာ ၂၀၀၇ ခုနှစ်တွင် အင်တာမီလန် အသင်းသို့ ပြောင်းရွှေ့ခဲ့ရာတွင် ကစားသမားဘဝ တစ်ဆင့်မြင့် တက်ခဲ့ပြီး အသင်းအတွက် စတူတက်တိုဖလား သုံးကြိမ်၊ ကိုပါအီတာလီယာဖလား နှစ်ကြိမ်၊ စူပါကိုပါဖလားနှစ်ကြိမ်၊ ဗီဖာကလပ်ကမ္ဘာ့ဖလား တစ်ကြိမ်၊ ချန်ပီယံလီဂ်ဖလား တစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။

နည်းပြချီဗူးသည် ၂၀၁၄ ခုနှစ်တွင် ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် အင်တာမီလန် လူငယ်အသင်းကို ပထမဆုံး တာဝန်ယူ၍ နည်းပြလောကသို့ ဝင်ရောက်ခဲ့ပြီး ယခုနှစ် ဧန်နဝါရီလက ပါမားအသင်းကိုပြောင်းရွှေ့ခဲ့ကာ အသင်းကို စီးရီးအေတွင် ဆက်လက် ကစားခွင့်ရရှိအောင် ကြိုးပမ်းပေးခဲ့ပြီးနောက် အင်တာမီလန်အသင်းသို့ တတိယအကြိမ် ပြန်လည် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

မန်စီးတီးအသင်းက ချဲလ်ဆီးအသင်း အရန်ဂိုးသမား ဘက်တင်နယ်လီကို ခေါ်ယူရန်သဘောတူညီမှုရရှိ

လန်ဒန် ဇွန် ၁၀

မန်စီးတီးအသင်း နည်းပြ ဂွါဒီယိုလာသည် အရန်ဂိုးသမား ကာဆန်ထွက်ခွာသွားပြီးနောက် ၎င်းနေရာတွင် အစားထိုးရန်အတွက် ချဲလ်ဆီးအသင်းမှ ဂိုးသမား ဘက်တင်နယ်လီကို ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကလပ်အသင်း နှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် မန်စီးတီးအသင်းက ကစားသမားအတွက် လိုအပ်သည့် အသေးစိတ်ကိစ္စရပ်များကို အမြန်ဆုံးပြုလုပ်၍ လာမည့် ဇွန် ၁၄ ရက်တွင် စတင်ကျင်းပမည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ အပြီးသတ်စာချုပ် ချုပ်ဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

နည်းပြဂွါဒီယိုလာ အနေဖြင့် အသင်းနှင့် ခြောက်နှစ်ကြာ လက်တွဲခဲ့သည့် ဂိုးသမား ကာဆန် ထွက်ခွာမည် ဖြစ်သောကြောင့် ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂိုးသမားလိုအပ်ချက် ရှိနေသည့် အတွက် ပြိုင်ပွဲအတွေ့အကြုံရှိသည့် ဘက်တင်နယ်လီကို ဂိုးသမား ကာဆန်၏နေရာတွင် အစားထိုးရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

ဘက်တင်နယ်လီသည် ကစားသမားဘဝတွင် မစ်ဒယ်ဘရော့အသင်း၊ စတန်လေအသင်း၊ ဒါးဖို့ဒ်အသင်း၊ ဖူလ်ဟမ်အသင်းတို့တွင် ကစားပြီးနောက် ၂၀၂၁ ခုနှစ်တွင် ချဲလ်ဆီးအသင်းသို့ ရောက်ရှိခဲ့ကာ အသင်းနှင့် လက်တွဲခဲ့သည့် လေးနှစ်အတွင်း အက်ဖ်အေဖလား ပြိုင်ပွဲတစ်ပွဲသာ ပါဝင်ခဲ့ရကြောင်း သိရသည်။

Ref : Goal.com
Trs : ML

နည်းပြအလွန်ဆိုက ကစားသမားသုံးဦးကို ရောင်းချရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြား

မက်ဒရစ် ဇွန် ၁၀

ရီးရဲလ်မက်ဒရစ် အသင်းသို့ ပြီးခဲ့သည့်မေလက ပြောင်းရွှေ့ရောက်ရှိခဲ့သည့် နည်းပြသစ် အလွန်ဆိုက အသင်းမှ ခံစစ်ကစားသမား ဂါစီယာ၊ အလာဘာနှင့် ကွင်းလယ်ကစားသမား ချူအာမန်နီတို့ကို ရောင်းချရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြအလွန်ဆိုသည် အသင်းသို့ စတင်ရောက်ရှိခဲ့ပြီးနောက်ပိုင်း ဖီဖာကလပ်ကမ္ဘာ့ဖလား ပြိုင်ပွဲအတွက် ကစားသမားဖြည့်တင်းမှုများ ပြုလုပ်ခဲ့ကာ လီဗာပူးအသင်း ခံစစ်ကစားသမား အာနိုးကို အလွတ် ပြောင်းရွှေ့ကြေးဖြင့် လည်းကောင်း၊ ဘုန်းမောက် အသင်း ခံစစ်ကစားသမား ဟူအီဆန်ကို စတာလင်ပေါင် သန်း ၅၀ ဖြင့်လည်းကောင်း၊ ဘင်ဖီကာ အသင်း ခံစစ်ကစားသမား ကာရီးရက်စ်ကို လည်းကောင်း ခေါ်ယူနိုင်ရန် နောက်ဆုံးအဆင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပြီးနောက် အသင်းမှ ကစားသမား သုံးဦးကိုရောင်းချရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အသင်းအနေဖြင့် ခံစစ်ကစားသမား ဗက်ကွက်ဇ်နှင့် ကွင်းလယ်ကစားသမား မိုဒရစ်တို့ကိုလည်း စာချုပ်သစ် ချုပ်ဆိုခြင်းမရှိဘဲ အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့သော်လည်း အဆိုပါကစားသမားနှစ်ဦးစလုံး ဖီဖာကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်မှသာ အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

နည်းပြသစ် အလွန်ဆိုသည် လေဗာကူဆင်အသင်းနှင့် အတူ အမှတ်ပေးဖလားနှင့် ပိုကယ်ဖလားတို့ကို ရှုံးပွဲမရှိဖြင့် ရယူနိုင်သည့် မှတ်တမ်းကောင်းရယူခဲ့ပြီးနောက် အသင်းမှ အဓိက ကစားသမားများကို ဆက်လက်ထိန်းသိမ်းခဲ့သကဲ့သို့ လက်ရှိ ရီးရဲလ်မက်ဒရစ် အသင်းတွင်လည်း ၎င်း၏ကစားကွက်နှင့် ကိုက်ညီမှုရှိသည့် ကစားသမားများကို ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းနေကာ အဓိက ဂိုးသမားတစ်ဦးဖြစ်သည့် ကော့တွိုက်ကိုလည်း ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

Ref : 90min
Trs : ML

နော်တင်ဟမ်အသင်းက ဂိုးသမား တာနာကို လိုင်ယွန်အသင်းသို့ ရောင်းချခဲ့ကြောင်း ထုတ်ပြန်

လန်ဒန် ဇွန် ၁၀

ပရီးမီးယားလီဂ် ကလပ် နော်တင်ဟမ်အသင်းက ဂိုးသမား တာနာကို ပြင်သစ်လီဂူးကလပ် လိုင်ယွန်အသင်းသို့ ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ သန်းဖြင့် ရောင်းချခဲ့ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၃၀ ရှိဂိုးသမားတာနာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလီဂ်ပြိုင်ဘက် ပဲလေ့စ်အသင်းတွင် အင်္ဂပေါ်ကစားခဲ့ရကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံတွင် လေးပွဲသာ ပါဝင်ကစားခဲ့ရသော်လည်း အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အင်္ဂပေါ်ကစားချုပ် ကုန်ဆုံးချိန်တွင် နော်တင်ဟမ်အသင်းက လိုင်ယွန်အသင်းသို့ အပြီးသတ်ရောင်းချခဲ့ကြောင်း သိရသည်။

လက်ရှိ လိုင်ယွန်အသင်းတွင် ဘရာဇီးဂိုးသမား ပါစီက ဦးစားပေး ဂိုးသမားအဖြစ် ပါဝင်ခွင့်ရနေခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၅ ပွဲထိပါဝင်၍ လက်စွမ်း ပြကစားနိုင်ခဲ့သဖြင့် ဂိုးသမား တာနာအနေဖြင့် ဦးစားပေးပွဲထွက်ခွင့်အတွက် ပါစီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ပြင် အမေရိကန်အသင်း နည်းပြ ပိုချက်တီနိုကလည်း ဂိုးသမားတာနာကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ခွင့်ရနိုင်မည့် အခွင့်အရေးတစ်နှစ်သာ ကျန်ရှိချိန်တွင် ပွဲကစားခွင့် ပိုမိုရရှိမည့်အသင်းသို့ ပြောင်းရွှေ့ကစားရန် အကြံပြုခဲ့သောကြောင့် လိုင်ယွန်အသင်းက ကမ်းလှမ်းလာချိန်တွင် ၎င်းက ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမားတာနာသည် ကစားသမားဘဝကို ၂၀၁၆ ခုနှစ်က မေဂျာလိဂ်ကလပ် နယူးအင်္ဂလန် အသင်းနှင့် စတင်ခဲ့ပြီးနောက်

၂၀၁၈ ခုနှစ်တွင် အသင်းနှင့်အတူ ပွဲထွက်ခွင့်ရရှိခဲ့ချိန်တွင် လက်စွမ်းပြသနိုင်ခဲ့ကာ ၂၀၂၁ ခုနှစ်တွင် မေဂျာလိဂ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သောကြောင့် ၂၀၂၂ ခုနှစ်တွင် အာဆင်နယ်အသင်းက ခေါ်ယူခဲ့သော်လည်း ပွဲထွက်ခွင့်မရခဲ့သဖြင့် ၂၀၂၃ ခုနှစ်တွင် နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး နော်တင်ဟမ် အသင်းတွင် ဘောလုံးရာသီတစ်ရာသီ အဓိက ဂိုးသမားအဖြစ် ပါဝင်ခွင့်ရခဲ့သော်လည်း လက်စွမ်းပိုင်း ကျဆင်းခဲ့သောကြောင့် ၂၀၂၄ ခုနှစ်တွင် ပဲလေ့စ်အသင်းသို့ အင်္ဂပေါ်ကစားခဲ့ရကြောင်း သိရသည်။

Ref : Espn
Trs : ML

အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက နည်းပြပိုစတီကိုဂလူနေရာတွင် အစားထိုးရန် ဘရန့်ဖို့ဒ်အသင်းနည်းပြ ဖရန့်ကို စာချုပ်ဖျက်သိမ်းကြေး စတာလင်ပေါင် ၁၀ သန်းပေးချေ၍ ခေါ်ယူရန် သဘောတူညီမှုရခဲ့သဖြင့် မကြာမီ အပြီးသတ်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။
- ဘုန်းမောက်အသင်းက ခံစစ်ကစားသမား ကာကာဇ်နေရာတွင် အစားထိုးရန်အတွက် ရင်းနက်အသင်း ခံစစ်ကစားသမား ထရက်ဖက်ကို ပြောင်းရွှေ့ကြေး ယူရို ၁၇ သန်းဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်။
- အေတီကိုအသင်းက အတ္တလန်တာအသင်းမှ တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဂိုးသမား မက်ဆိုကို အပြီးသတ် ခေါ်ယူ၍ သုံးနှစ်သက်တမ်းရှိသည့် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

ML

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အုပ်စု(B)တွင် ကျရောက်

ရန်ကုန် ဇွန် ၁၀

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီးတွင် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း အနေဖြင့် အုပ်စု(B)တွင် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို အာဆီယံဒေသတွင်း ခုနစ်သင်းနှင့်အတူ ဖိတ်ခေါ်အသင်းအဖြစ် သြစတြေးလျ လက်ရွေးစင်အမျိုးသမီးအသင်းလည်း ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် လေးသင်း နှစ်အုပ်စုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် မဲခွဲမှုအပြီးတွင် အုပ်စု(A)၌ ဗီယက်နမ်လက်ရွေးစင် အမျိုးသမီးအသင်း၊ ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်း၊ အင်ဒိုနီးရှားလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ကမ္ဘောဒီးယားလက်ရွေးစင် အမျိုးသမီးအသင်း၊ အုပ်စု(B)တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့်အတူ သြစတြေးလျ လက်ရွေးစင် အမျိုးသမီးအသင်း၊ ဖိလစ်ပိုင်လက်ရွေးစင် အမျိုးသမီးအသင်းနှင့် တီမောလက်စ်တေ အမျိုးသမီးအသင်းတို့ ပါဝင်ခဲ့ကြသည်။

၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့် သြဂုတ် ၆ ရက်မှ ၁၉ ရက်ထိ ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

STA

ခ်စ်ကစားသမား လန်ဂလက်ကို ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆို ခေါ်ယူ

မက်ဒရစ် ဇွန် ၁၀

အေတီကိုအသင်းက အသင်းမှ ခ်စ်ကစားသမား လန်ဂလက်ကို ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူရန်အတွက် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ လန်ဂလက်သည် ၂၀၁၈ ခုနှစ်က ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ဘာစီလိုနာအသင်းတွင် ကစားခွင့်နည်းပါးခဲ့ပြီး ၂၀၂၂ ခုနှစ်က စပါးအသင်းတွင်လည်းကောင်း၊ ၂၀၂၃ ခုနှစ်က အေဗီလာအသင်းတွင်လည်းကောင်း၊ ယခုနှစ်ဘောလုံးရာသီတွင် အေတီကိုအသင်း၌ လည်းကောင်း အငှားစာချုပ်များဖြင့် အဆင့်ဆင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

လန်ဂလက်သည် ယခုနှစ်ဘောလုံးရာသီတွင် အေတီကိုအသင်း၌ တစ်ရာသီအငှားစာချုပ်ဖြင့်ကစားခဲ့ရာ ပြိုင်ပွဲစုံ ၃၄ ပွဲ ပါဝင်ကစားခဲ့ပြီး သုံးဂိုးထိ သွင်းယူနိုင်ခဲ့ကာ ခြေစွမ်းပြသကစားနိုင်ခဲ့သည့်အတွက် အေတီကိုအသင်းက အပြီးသတ်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အေတီကိုအသင်းက ဘာစီလိုနာအသင်းထံမှ လန်ဂလက်ကို အငှားစာချုပ်ဖြင့် ခေါ်ယူစဉ်ကတည်းက အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူနိုင်မည်ဟု ပါရှိသည့်အတွက် အေတီကိုအသင်းက ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ အပြီးသတ်ခေါ်ယူသွားမည်ဖြစ်ပြီး မကြာမီ အတည်ပြုထုတ်ပြန်သွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ ဘရက်ရှားအသင်း ဒေဝါလီခံကာ အသင်းကိုဖျက်သိမ်းကြောင်း ကြေညာ

ရောမ ဇွန် ၁၀

တစ်ချိန်က အီတလီစီးရီးအေ ပြိုင်ပွဲတွင် ထိပ်တန်းအသင်း တစ်သင်းဖြစ်ခဲ့ဖူးသည့် နှစ်ပေါင်းသက်တမ်း ၁၀၀ ကျော်ရှိ ဘရက်ရှားအသင်းသည် ကြေးမြီပြဿနာများကြောင့် ဒေဝါလီခံခဲ့ရပြီး အသင်းကို ဖျက်သိမ်းခဲ့သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

ဘရက်ရှားအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အီတလီစီးရီးဘီပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် အမှတ်ပေးဇယား အဆင့်(၁၅)နေရာတွင် ရပ်တည်နိုင်ခဲ့သော်လည်း ရမှတ်လေးမှတ်လျှော့ ပြစ်ဒဏ်ကြောင့် လာမည့် ဘောလုံးရာသီတွင် အီတလီစီးရီးစီသို့ တန်းဆင်းရမည်ဖြစ်သည့်အပြင် ကြေးမြီစတာလင်ပေါင် ၂ ဒသမ ၅ သန်းကျော် မပေးချေနိုင်ခဲ့သည့်အတွက် အသင်းအနေဖြင့် ဒေဝါလီခံခဲ့ရပြီး ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

ဘရက်ရှား အသင်းသည် ထိပ်တန်း ကစားသမားများဖြစ်သည့် အီတလီဂန္ဓဝင်ကစားသမားများဖြစ်သည့် ရော်ဘတ်တိုဘတ်ဂီယို၊ ဝီယာလို၊ လူကာတိုနီ တို့အပြင် ဘာလော့တယ်လီ၊ လက်ရှိ မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာနှင့် မာဆေးအသင်းနည်းပြ ဒီဇာဘီတို့ကစားခဲ့သည့် ကလပ်အသင်း တစ်သင်းဖြစ်သည်။

ဘရက်ရှား အသင်းပိုင်ရှင် ဆယ်လီနိုသည် အသင်းပေးချေရမည့် ကြွေးမြီများကို ပေးချေနိုင်ခြင်း မရှိခဲ့သည့်အပြင် လာမည့် ဘောလုံးရာသီတွင် လည်း အသင်းကို အီတလီစီးရီးစီပြိုင်ပွဲတွင် မှတ်ပုံတင်နိုင်ခြင်း မရှိတော့သည့်အတွက် အသင်းအနေဖြင့် ဒေဝါလီခံခဲ့ရပြီး ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

Ref : Footballitalia

Trs : STA

အယ်လ်ဟိုင်လာအသင်းက မြင့်မားသည့်လုပ်ခလစာနှင့် ကမ်းလှမ်းမှုကို တိုက်စစ်ကစားသမား အိုစီမန် ပယ်ချ

ရီယာ့ဒ် ဇွန် ၁၀

လက်ရှိ ဂါလာတာစာရေးအသင်းတွင် အငှားစာချုပ်ဖြင့် ကစားနေသည့် တိုက်စစ်ကစားသမား အိုစီမန်က ဆော်ဒီထိပ်တန်းကလပ် အယ်လ်ဟိုင်လာအသင်းက မြင့်မားသည့် လုပ်ခလစာတစ်ရပ်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ပြီး ဥရောပတွင်သာ ဆက်လက်ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အိုစီမန်သည် ယခုနှစ်ဘောလုံးရာသီတွင် နာပိုလီအသင်းမှ ဂါလာတာစာရေး အသင်းထံ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး ဂါလာတာစာရေး အသင်းနှင့် အငှားစာချုပ်မှာ ယခုလအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။

အိုစီမန်ကို မန်ယူအသင်းအပါအဝင် ဥရောပမှ ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားနေသည့်အတွက် အိုစီမန်က ဥရောပမှ ထိပ်တန်းကလပ်အသင်း တစ်သင်းတွင်သာ ဆက်လက် ကစားလိုနေသောကြောင့် အယ်လ်ဟိုင်လာအသင်း၏ ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းသည် လိုအပ်ချက်များရှိနေသည့် အသင်း တိုက်စစ်ပိုင်းအတွက် ကစားသမား ရှာဖွေမှုများလုပ်ဆောင်နေပြီး ခေါ်ယူရန်ပစ်မှတ်ထားနေသည့် ကစားသမားများတွင် အိုစီမန် ပါဝင်နေပြီး စာချုပ်ဖျက်သိမ်းကြေးမှာလည်း စတာလင်ပေါင် ၆၃ ဒသမ ၅ သန်းသာ ပေးချေရမည် ဖြစ်သည့်အတွက် မန်ယူအသင်းကလည်း ကြိုးပမ်းလျက်ရှိနေသည်။

အိုစီမန်၏ အေးဂျင့်ဖြစ်သူ ကိုယ်တိုင်က အိုစီမန်အနေဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ ကစားဖွယ်ရှိနေသည်ဟု ပြောကြားခဲ့ပြီးနောက် မန်ယူအသင်း အနေဖြင့် လက်ရှိနွေရာသီ အပြောင်းအရွှေ့ ကာလတွင် အိုစီမန်ကို ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

တိုက်စစ်မှူး စီရော်နယ်ဒိုက ကြီးမားသည့်ဒဏ်ရာရရှိမှသာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ အနားယူမည်ဟု အတည်ပြုပြောကြား

လစ္စဘွန်း ဇွန် ၁၀

ပေါ်တူဂီအသင်းနှင့် အယ်လ်နာဆာအသင်း ဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက မိမိအနေဖြင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူရန်အစီအစဉ်မရှိသေးဘဲ ကြီးမားသည့် ဒဏ်ရာရရှိမှသာလျှင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အနားယူရန် စဉ်းစားသွားမည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၄၀ ရှိနေပြီဖြစ်သည့် စီရော်နယ်ဒိုသည် ဘောလုံးလောကတွင် အခြားကစားသမားများ လိုက်မီရန်ခက်ခဲသည့် စံချိန်မှတ်တမ်းကောင်း များစွာကို ပိုင်ဆိုင်ခဲ့သူတစ်ဦးဖြစ်ပြီး လက်ရှိအချိန်ထိ ပေါ်တူဂီအသင်း၊ အယ်လ်နာဆာအသင်းတို့နှင့် အတူ အကောင်းဆုံး ခြေစွမ်းပြကစားလျက်ရှိနေသူဖြစ်သည်။

စီရော်နယ်ဒိုက "ကစားသမားဘဝမှ အနားယူဖို့အစီအစဉ်မရှိသေးပါဘူး။ အခုလဲ ကျွန်တော် အကောင်းဆုံးပုံစံနဲ့ ကစားနိုင်တုန်းရှိပါသေးတယ်။ ကျွန်တော် ကစားနိုင်သရွှေ့ ဆက်ပြီးကစားသွားမှာပါ။ ဒဏ်ရာကြီးကြီးမားမားရမှ အနားယူဖို့ကို စဉ်းစားသွားမှာပါ"ဟု ပြောကြားခဲ့သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ဥရောပနေးရှင်းလိဂ် ပြိုင်ပွဲတွင်လည်း ဒုတိယအကြိမ်မြောက် အဖြစ် ပေါ်တူဂီအသင်း ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ရာတွင်လည်း အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်အပြီးတွင် ကစားသမားဘဝ အနားယူမည့်အစီအစဉ်နှင့်ပတ်သက်ပြီး အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ယခုလကုန်တွင် အယ်လ်နာဆာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် စီရော်နယ်ဒိုသည် လက်ရှိတွင် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိသေးဘဲ အနာဂတ် မရေမရာဖြစ်နေသော်လည်း အသင်းနှင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ဖွယ် ရှိနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် ပညာသင်ကြားရေး ဝိုင်းဝန်းဆောင်ရွက်ပေး

❖မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးစီမံချက် မဟာဗျူဟာစီမံကိန်းများအဆင့်ဆင့်ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းများအရ ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသည့် အဓိက ကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကို ဖော်ထုတ်ကာ ဦးစားပေးနယ်ပယ်များရွေးချယ်ခြင်း၊ ရည်မှန်းချက်များချမှတ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ❖

ယခုအခါ အခြေခံပညာကျောင်းများ ဖွင့်လှစ်၍ ပညာသင်နှစ် ပြန်လည်စတင်ခဲ့ပေပြီ။ ဤတွင် ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးကောင်းမွန်စွာ ပညာသင်ယူနိုင်ရေးသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ကျန်းမာရေးနှင့် ပတ်သက်၍ "အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု သိမှတ်ထားကြသည်။ ကျန်းမာမှသာ လူမှုကိစ္စအဝဝကို ကောင်းမွန်စွာဆောင်ရွက်နိုင်သောကြောင့်ပင်ဖြစ်သည်။ ကျန်းမာသောလူ့အဖွဲ့အစည်းဖြစ်လာရေးသည် တစ်ဦးချင်းစီ၏ ကျန်းမာရေးအဆင့်မြှင့်တင်ပေးနိုင်မှုအပေါ် မူတည်သည်။ ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာမှသာ ပညာကောင်းစွာသင်ယူနိုင်မည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများကို ကျောင်းသားလူငယ်အရွယ်မှစတင်၍ ဆောင်ရွက်မှသာ အနာဂတ်လူ့အဖွဲ့အစည်းအတွက် အကျိုးဖြစ်ထွန်းမှုရလဒ်များ ရရှိနိုင်မည်ဖြစ်သည်။ထို့ကြောင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရန် လိုအပ်သည်။

မြန်မာနိုင်ငံရှိကျောင်းတိုင်း ကျောင်းကျန်းမာရေးအဆင့်မြှင့်တင်ရန် ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာရမည့် ကျန်းမာရေးအလေ့အကျင့်ကောင်းများ၊ ရောဂါကာကွယ်တားဆီးရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများ၊ အာဟာရပြည့်ဝရေး ဗဟုသုတများကို မျှဝေဖြန့်ဖြူးပေးရမည်ဖြစ်သည်။ ကျောင်းကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းစဉ်များတွင်-

(၁) ကျောင်းကျန်းမာရေး ပညာပေးလုပ်ငန်းများ၊
(၂) ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊
(၃) ရောဂါကာကွယ်ရေးလုပ်ငန်းများ၊
(၄) ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊
(၅) ကျောင်းသားများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
(၆) ကာယနှင့် အားကစားလုပ်ငန်းများ လုပ်ဆောင်ပေးရန်တို့ ပါဝင်သည်။

ကျောင်းသားလူငယ်များ ပညာကောင်းစွာသင်ယူနိုင်ရန် ကျန်းမာကြံ့ခိုင်မှုရှိရမည်။ ကျန်းမာရေးကောင်းမှသာ ကျောင်းမှန်မှန်တက်၍ စာမှန်မှန်ကျက်နိုင်မည်။ ကျန်းမာရေးကောင်းမွန်ရန် ကိုယ်ခံအားကောင်းရမည်။ ကိုယ်ခံအားကောင်းလျှင် အနာရောဂါများ အလွယ်တကူမဝင်ရောက်မကူးစက်နိုင်။ ကိုယ်ခံအားကောင်းရန် ဆောင်ရမည်၊ ရှောင်ရမည်များကို ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်လိုက်နာရန် လိုအပ်ပေသည်။ ကျန်းမာရေးအသိပညာများကို ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာနိုင်ရေး၊ ဆက်စပ်ဝန်းကျင်နှင့် အသိုင်းအဝိုင်းအားလုံးလိုက်နာနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရပေမည်။

တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် ကျန်းမာရေးအတွက် အခြေခံကျသောအချက်များဖြစ်သည်။ ကျန်းမာရေးပူးပေါင်းအဖွဲ့များအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရည်ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရမည်။ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးအတွက် အမှိုက်ပုံးများစနစ်တကျထားရှိရန်၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်သည်။ ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရန်နှင့် အိမ်သာသန့်ရှင်းရေး နေ့စဉ်ဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရန်၊ အိမ်သာမှထွက်လျှင် ဆပ်ပြာနှင့်စနစ်တကျလက်ဆေးတတ်စေရေး ညွှန်ကြားပြသပေးရန် လိုအပ်ပေသည်။

ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းပတ်ဝန်းကျင်ဖြစ်ရန် အမြဲမြှင့်တင်ဆောင်ရွက်ကြရပေမည်။ စာသင်ခန်းအတွင်းတွင် ယခင်ကကျောက်သင်ပုန်းနှင့်မြေဖြူကိုသာ အသုံးပြုခဲ့သော်လည်း ယခုအခါ White board နှင့် Marker pen တို့ကို ပြောင်းလဲသုံးစွဲနိုင်အောင် ကြိုးစားခြင်းမျိုးဖြစ်သည်။ အတန်းအတွင်း၊ အပြင် နေ့စဉ်သန့်ရှင်းရုံသာမက ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်သောက်သုံးရေသန့်ရှင်းရေးသည် အထူးလိုအပ်သည်။ သောက်သုံးရေသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး မဖြစ်မနေစီမံဆောင်ရွက်ကြရပေမည်။ကျန်းမာရေးနှင့်ညီညွတ်သောရေရရှိရန် ရေအရင်းအမြစ်များ၏အရည်အသွေးကို စစ်ဆေးမှု ပုံမှန်လုပ်ပေးရန်နှင့် ဆီလျော်သောသန့်စင်မှုပြုလုပ်ပေးနိုင်ရန် လိုအပ်သည်။ ကျောင်းများတွင် ရေသန့်စက်များတပ်ဆင်ပေးခြင်းနှင့် အလျဉ်မီအောင် ရေသန့်ထုတ်လုပ်ပေးနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်ကြရမည်။ သောက်သုံးရေ အမြဲသန့်စင်နေရန် နေ့စဉ် အလှည့်ကျလဲလှယ်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ပေးခြင်းတို့ လိုအပ်သည်။

ကျောင်းကျန်းမာရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကလည်း အရေးကြီးပေသည်။ ရောဂါကာကွယ်ရေးတွင် ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သောရောဂါတို့ကို ကာကွယ်နိုင်ရန် ကြိုတင်စီမံချက်ရေးဆွဲဆောင်ရွက်ရမည်။ ခြင်ပေါက်ဖွားမှုအများဆုံးဖြစ်သော မိုးရာသီတွင် ကျောင်းဝန်းကျင်ရေစီးရေလာကောင်းအောင် ရေမြောင်းများတူးဖော်ခြင်း၊ ဆယ်ခြင်းတို့ပြုလုပ်ရမည်။ ခြင်ပေါက်ဖွားနိုင်မည့် ရွှံ့ဗွက်၊ ရေအိုင်များဖို့ခြင်း၊ ချိုနွယ်ပိတ်ပေါင်းများ ရှင်းလင်းခုတ်ထွင်ခြင်း၊ ရေကန်များကို ခြင်လုံအောင်ဖုံးအုပ်ခြင်း၊ ရေလှယ်ခြင်း၊ သီတင်းပတ်နောက်ဆုံးရက်များတွင် ကျောင်းဝန်းကျင်နှင့်စာသင်ခန်းများကို ခြင်ဆေးဖျန်းခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးနှင့် ၄က်ဖျားရောဂါများ ကင်းဝေးမည်ဖြစ်သည်။ ယခုအခါ ကိုဗစ် ၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်မီအောင်နှင့် အလစ်အလပ်မရှိအောင် ထိုးနှံကာကွယ်ပေးပြီးဖြစ်သည်။ သို့သော် စနစ်တကျလက်ဆေးခြင်းနှင့်လိုအပ်လျှင် Mask တပ်ဆင်ခြင်းကို နေရာအလိုက်ကြပ်မတ်ဆောင်ရွက်ပေးရန်လိုသည်။

နောက်တစ်ချက်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ ဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ရမည်။ ကျောင်းသားလူငယ်မောင်မယ်များ အာဟာရလူပ်ရှားကစားခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့်ပတ်သက်သောအသိပညာများ၊ မတော်တဆထိခိုက်ဒဏ်ရာရမှုများ စသည့်အကြောင်းခြင်းရာများကို သိရှိရန်ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ ရည်ရွယ်ချက်များမှာ-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်းမြင့်မားတိုးတက်လာစေရန်၊
(ခ) ကျောင်းသားလူငယ်များကို မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများသိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝပိုင်ရှင်များ ဖြစ်လာစေရန်၊
(ဂ) ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသော ရောဂါပြဿနာများကို စောစီးစွာ ရှာဖွေကုသပေးရန်၊
(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသောကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များဖြစ်ထွန်းလာစေရန်၊
(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တ ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊
(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှတစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်တို့ဖြစ်ရာ ရည်ရွယ်ချက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့၏ ပူးပေါင်းမှုဖြင့် ပြီးပြည့်စုံသော ကျောင်းကျန်းမာရေးစီမံချက်မဟာဗျူဟာစီမံကိန်းများ အဆင့်ဆင့်ရေးဆွဲဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းများအရ ကျောင်းသားလူငယ်များ တွေ့ကြုံခံစားနေရသည့် အဓိက ကျန်းမာရေးပြဿနာများ၊ ကျန်းမာရေးလိုအပ်ချက်များကိုဖော်ထုတ်ကာ ဦးစားပေးနယ်ပယ်များ ရွေးချယ်ခြင်း၊ ရည်မှန်းချက်များချမှတ်ခြင်းနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ကျောင်းကျန်းမာရေးမြှင့်တင်ရန်အတွက် အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ပြည်သူ့လူထုပူးပေါင်းပါဝင်မှုဖြင့် ကျောင်းမှပြည်သူ့လူထုအတွင်းသို့ မှုမှန်၊ ဘဝမှန်များ ရောက်ရှိရေးလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်း၊ သင်တန်းနှင့်သုတေသနလုပ်ငန်း၊ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်းများကို ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၏အင်အားကို အသုံးပြု၍ဆောင်ရွက်ခြင်းဖြင့် ကျောင်းကျန်းမာရေးအဆင့်မြင့်ကျောင်းများ တည်ထောင်ရန်ဆောင်ရွက်မှုလုပ်ငန်းများ၌ အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပေသည်။

ညွှန့်ဝင်း(နတ်တလင်း)

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ငါဘုရင်မ ဇာတ်လမ်းတွဲကို HD Quality ဖြင့် ဇွန်လအတွင်း ထုတ်လွှင့်ပြသသွားမည်

ရန်ကုန် ဇွန် ၁၀

Mahar Application ၏ မူပိုင် ဇာတ်လမ်းတွဲဖြစ်သည့် ငါဘုရင်မ ဇာတ်လမ်းတွဲကို HD Quality ဖြင့် ဇွန်လအတွင်း ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ငါဘုရင်မ ဇာတ်လမ်းတွဲတွင် အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်ဝင့်ဝါထံမှ သိရသည်။

အဆိုပါ ငါဘုရင်မ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာမ သျှင်မကရေးသားထားခြင်းဖြစ်ပြီး ငွေစင်သွန်း၊ သင်းနုံသာ၊ ညမွှေးပန်းတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာဝိုင်းက တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် Mahar Application ၏ မူပိုင်ဇာတ်လမ်းတွဲ ဖြစ်ကြောင်း သိရသည်။

"ဒရာမာ ဇာတ်လမ်းတွဲလေးပါ။ ချစ်ခြင်းမေတ္တာကို စွန့်လွှတ်ခြင်း၊ ရယူခြင်းစသဖြင့် အမျိုးမျိုးပုံဖော်နေကြပေမဲ့ တကယ်တမ်းကျတော့ ချစ်ခြင်းမေတ္တာတရားဟာ ဆန်းကြယ်တယ်ဆိုတဲ့ မက်ဆေ့လေး ပေးချင်တာပါ။ အားပေးကြပါအုံး"ဟု သရုပ်ဆောင် ခင်ဝင့်ဝါက ပြောပြသည်။

အဆိုပါ ငါဘုရင်မ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အလင်းရောင်၊ မင်းဦး၊ ဝေဖြိုး၊ ဟိန်းသစ်၊ ထူးနိုင်လင်း၊ ရဲရင့်စည်သူအောင်၊ ကျော်ဧေယျ၊ ခင်ဝင့်ဝါ၊ ထက်ထက်ထွန်း၊ စိုးမိုးကြည်၊ ခင်မို့မို့အေး၊ ချိုမဒီသွင်၊ စင်ဒီမြတ်၊ နှင်းဝတ်ရည်ကျော်၊ သန်းသန်းစိုး၊ တင်ဇာဝင်းပြည့်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Star Wars : Starfighter ဇာတ်ကားဌ် မင်းသမီး မိုင်ယာဂို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် ဇွန် ၁၀

လူးကပ်စ် ရုပ်ရှင်ကုမ္ပဏီ၏ Star Wars : Starfighter ဇာတ်ကားဌ် မင်းသမီး မိုင်ယာဂို့လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

Star Wars : Starfighter ဇာတ်ကားဌ် မင်းသမီး မိုင်ယာဂို့သည် မင်းသားရိုင်ယန်ဂိုးစလင်းနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသမီး မိုင်ယာဂို့ နောက်ဆုံး ပါဝင် သရုပ်ဆောင်ထားသည့် ဇာတ်ကားမှာ ဒါရိုက်တာ ဂွီလာမိုဒယ်တိုရို ရိုက်ကူးထားပြီး ယခုနှစ်အတွင်း ရုံတင်မည့် Frankenstein ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျိုနာသန်ထရော့ပါက ရေးသားပေးထားသည်။

Star Wars : Starfighter ဇာတ်ကားကို ယခုနှစ် ဆောင်းရာသီ၌ စတင်ရိုက်ကူးရန် လူးကပ်စ် ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားသည်။

Star Wars : Starfighter ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၂၈ ရက်တွင် ရုံတင်ပြသရန် လူးကပ်စ် ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

တေးသံရှင် ကော်နီ၏ တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်မည်ဖြစ်

ရန်ကုန် ဇွန် ၁၀

တေးသံရှင် ကော်နီ၏ A Night to Remember – Connie Live in Concert တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဇွန် ၁၄ ရက် ညတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်ကော်နီ ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ကော်နီ၏ A Night to Remember – Connie Live in Concert တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် Sunday Night Live Concert အဖြစ် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေ တင်ဆက်မှုများကို Judson Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဇွန် ၁၄ ရက် ညမှာတော့ ပရိသတ်တွေနဲ့အတူတူ တေးသီချင်းတွေ စိတ်ကြိုက်ဖျော်ဖြေတင်ဆက်ဖို့ အသင့်ဖြစ်နေပါပြီ။ တီကော်နဲ့ အတူ ပင်တိုင်အဆိုတော်တွေရဲ့ အမိုက်စားသီဆိုမှုတွေလဲ ခံစားနားဆင်ရအုံးမှာပါ။ ဒီဂျေတွေရဲ့ အလန်းစား တီးကွက်တွေနဲ့အတူ Dancer တွေရဲ့ အမိုက်စားဖျော်ဖြေမှုတွေလဲ တွဲဖက်ခံစားရအုံးမှာမို့ လာခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင်ကော်နီကပြောပြသည်။

တေးသံရှင် ကော်နီ၏ A Night to Remember – Connie Live in Concert တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar တွင် ဇွန် ၁၄ ရက် ည ၆ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း တေးသံရှင် ကော်နီထံမှ သိရသည်။

ASH

The Council ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးရက်မင်းအွန်ဝူဘိုလူ ရိုက်ကူးမည်

နယူးယောက် ဇွန် ၁၀

Netflix ကုမ္ပဏီ၏ The Council အမည်ရှိ မှုခင်းအတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အင်ဒရူးရက်မင်း အွန်ဝူဘိုလူက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၉ ရက် သတင်းများအရ သိရသည်။

The Council ဇာတ်ကားသည် အာဖရိကနွယ်ဖွား အမေရိကန် နိုင်ငံသား ခုနစ်ဦးဖြင့် စုစည်းထားသည့် ဒုစရိုက်ဂိုဏ်းတစ်ဂိုဏ်း၏ ဖြစ်ရပ်မှန်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Council ဇာတ်ကား အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒါရိုက်တာ ပီတာလန်ဒက်စမင်းက ရေးသားထားကြောင်း၊ ဒါရိုက်တာအွန်ဝူဘိုလူသည် Netflix ကုမ္ပဏီ အတွက် Supacell စူပါဟီးရိုးရုပ်သံ ဇာတ်လမ်းတွဲကို ရိုက်ကူးပေးခဲ့ဖူးကြောင်းသိရသည်။

The Council ဇာတ်ကားဌ် ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးပေ။

အဆိုပါ ဇာတ်ကားကို ထုတ်လုပ်သူအဖြစ် ဇာတ်ညွှန်းရေးဆရာ ဒါရိုက်တာ ပီတာလန်ဒက်စမင်းက တာဝန်ယူထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ဖြတ်စ ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဇွန် ၁၅ ရက်တွင် ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇွန် ၁၀

ဖြတ်စ ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဇွန် ၁၅ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာအုန်းဝင်းထံမှ သိရသည်။

ဖြတ်စ အမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ မူရင်းဝတ္ထုမှာ စာရေးဆရာကြီး သော်တာဆွေ၏ဝတ္ထုဖြစ်ပြီး အဆိုပါဝတ္ထုကို ဓနုတ်ကိုကိုဇော်၊ ဒီဒီထက်အောင်၊ ရွှန်းမီမီထက်၊ မြလွှမ်းမိုးဆွေတို့က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ မောင်ဗေဒါက ဇာတ်ညွှန်းအကြံပေးအဖြစ် ဆောင်ရွက်ထားကြောင်း၊ ဖြတ်စ ရုပ်ရှင်ဇာတ်ကားကို အနုပညာအကြံပေးအဖြစ် ဒါရိုက်တာ နေသူရိန်က ဆောင်ရွက်ထားကာ တွဲဖက် ဒါရိုက်တာ ကြည်သာနှင့်ဒါရိုက်တာ အုန်းဝင်းတို့က ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ရုံတင်ဇာတ်ကားကြီးပါ။၂၀၂၃ခုနှစ် နိုဝင်ဘာလကတည်းက ရုံတင်ပြသပြီးပါပြီ။ မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN ကနေ ထုတ်လွှင့်ပေးသွားမှာပါ။ ဒီဇာတ်ကားကတော့ နာမည်ကြီး စာရေးဆရာကြီးရဲ့ ဟာသဝတ္ထုကို ရိုက်ကူးထားတဲ့ ဇာတ်ကားပါ။ ရယ်စရာဆိုတာထက် မူရင်းနဲ့ အနီးစပ်ဆုံးဖြစ်အောင် ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာ အုန်းဝင်းက ပြောပြသည်။

အဆိုပါ ဖြတ်စ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ရန်အောင်၊ အောင်လေး၊ ခင်လှိုင်၊ ရွှေမှုံရတီ၊ စိုးမြတ်သူဇော၊ ခင်ဇာခြည်ကျော်၊ တက္ကသိုလ်ဂွမ်းပုံနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects progress in carrying out rehabilitation activities in Sagaing and Mandalay and looks into requirements

Senior General Min Aung Hlaing hears report on repair of the Rajamani Cula Kaunghmutaw Pagoda.

Nay Pyi Taw June 10

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife, Daw Kyu Kyu Hla, Joint SAC Secretary General Ye Win Oo, members of the entourage, and chief ministers of Mandalay and Sagaing regions, inspected the progress in carrying out rehabilitation activities in earthquake-hit Sagaing and Mandalay today and looked into the requirements.

Sagaing BEHS 1

The Senior General and party arrived at Basic Education School No 1 in Sagaing and were welcomed by the headmistress and officials. While the headmistress and officials were welcoming them, the Senior General said the country is providing all students with KG+9 free education. Education will produce good human resources that can differentiate between good and bad and cause and effects and can serve the national interest more. Thus, education staff must be dutiful and must also teach social relations. As the saying goes "Discipline starts at school" they must teach the pupils to pursue a disciplined lifestyle since childhood. They must also ensure education for all school age children through awareness campaigns. The Senior General then attended to the needs.

The Senior General and party observed the classrooms that needed reconstruction and erection of temporary classrooms. In response to the reports of officials, the Senior General spoke of the need to ensure strength and sustainability of the reconstructed school buildings and fulfill the needs of other areas.

He then looked arounds the classrooms and gave encouragement to students.

Rajamani Cula Kaunghmutaw Pagoda

On arrival at the Rajamani Cula Kaunghmutaw Pagoda, the Senior General and party were welcomed by Chair of the Pagoda Board of Trustees U Than Tun Aung and members. The Senior General and wife and members of the entourage paid homage and offered flowers, water, lights and fruits to a Buddha Image at the pagoda. The Senior General surveyed the damage caused by the Mandalay earthquake to the interior and exterior sections, roofed passages and religious buildings of the pagoda, progress in removing debris and reconstruction activities. He also gave guidance to facilitate the work.

The Senior General and party conducted fish feeding and releasing at Metta Lake in the northern sector of the pagoda At the Aungmyae Bodi hall of the pagoda, the Senior General heard a report on the current situation of the pagoda presented with the help of the photos showing its evolvement throughout the past successive years, pre-earthquake photos and post-earthquake photos by Lt-Gen Thet Pon of Office of Commander-in-Chief (Army) and members of the pagoda board of trustees. The Senior General told them to repair the damage parts in accord with the original designs, to grow shades trees in rows and sections around the Metta Lake, to turn roofed passages into facilities where pilgrims can take a rest peacefully. He also provided means for early completion of the work.

Senior General Min Aung Hlaing surveys damage to the Rajamani Cula Kaunghmutaw Pagoda.

Senior General Min Aung Hlaing hears report on repair of Soon Oo Ponnya Shin Pagoda.

The Senior General and wife presented collected donations for all-round renovation of the pagoda to the members of the board.

1,500 tons of cement donated by families of Tatmadaw (Army, Navy and Air) for repair of pagodas and stupas after earthquake damage

Next, the Senior General and his entourage arrived at the Sitagu Vipassana Monastery. They paid respects to the State Ovādācariya Sawlasama Sayadaw of Shwegyin Nikāya Chancellor of Sitagu International Buddhist Universities Abhidhaja Mahā Rattha Guru Abhidhaja Agga Mahā Saddhammajotika Dr. Bhaddanta Ñāṇissara. They then offered 1,500 tons of cement donated by families of Tatmadaw (Army, Navy and Air) for the repair and restoration of pagodas and stupas that enshrine sacred Buddha relics but were damaged by the earthquake, and alms. Following this, a merit-sharing ceremony was held to dedicate the donations to the monks, nuns, and lay devotees who lost their lives in the natural disaster.

Soon Oo Ponnya Shin Pagoda

Next, the Senior General, along with his wife and entourage, *See Page 13*

Senior General Min Aung Hlaing inspects repair work at the Maha Myat Muni Buddha Image.

From Page 12

visited the Soon Oo Ponnya Shin Pagoda, which had suffered damage due to the earthquake. They inspected the clearing and restoration efforts being carried out to address the damages.

Following this, at the Dhamma Hall, a representative from the pagoda's board of trustees presented the historical records and photographs of the revered Soon Oo Ponnya Shin Pagoda, including documentation of its condition before the Mandalay earthquake, the extent of damage caused by the earthquake, and the assessments conducted by experts. He also displayed proposed reinforcement models using reinforced concrete to ensure the pagoda's long-term stability, as well as layout plans for the pagoda and other religious structures.

In response to the presentation, the Senior General instructed that the pagoda be restored strictly in accordance with its original design while preserving its historical integrity. He emphasized the need to systematically compile historical photographic records and ensure that the reconstruction of the pagoda and associated religious buildings is carried out with structural stability in mind. Additionally, he provided further necessary guidance. Subsequently, the Senior General paid respects to the Buddha image enshrined within the Dhamma Hall.

Removal of debris from Sagaing Bridge (Inwa) Spans No. 4 and 5

Later, the Senior General and party arrived at the Ayeyarwady Bridge (Yadanabon), where officials briefed them on the ongoing efforts to remove debris from Spans No. 4 and 5 of the Sagaing Bridge (Inwa) to reopen the waterway. They also reported on the damage to the lateral bracing, bearings, and piers of the Ayeyarwady Bridge (Yadanabon). The Senior General issued necessary instructions regarding the repairs.

Maha Myat Muni Buddha Image

The Senior General and party then visited the Maha Myat Muni Buddha Image, where they offered flowers and water in reverence. They inspected the damage caused by the earthquake, including the fallen diamond orb and pennant-shaped vane, which had been adorned with precious gems donated by devotees. They also examined the ancient mural paintings that had collapsed during the quake and issued necessary instructions to the responsible officials.

See Page 14

Senior General Min Aung Hlaing observes religious objects at the Maha Myat Muni Buddha Image.

Senior General Min Aung Hlaing visits Sagaing BEHS 1.

Senior General Min Aung Hlaing hears report on removal of debris from Sagaing Bridge (Inwa).

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Senior General Min Aung Hlaing and Daw Kyu Kyu Hla offer 1,500 tons of cement donated by families of Tatmadaw (Army, Navy and Air) for repair of pagodas and stupas to Sitagu Sayadaw.

From Page 13

The Senior General further inspected the earthquake damage to the Maha Myat Muni Pagoda and associated religious structures, as well as the ongoing reconstruction efforts. After hearing reports from officials, the Senior General provided further guidance.

Later, inside the museum, the Mayor of Mandalay and the Chairman of the Maha Myat Muni Pagoda's Board of Trustees briefed the Senior General on the extent of the earthquake damage and the progress of reconstruction efforts. The Senior General stressed the importance of restoring the damaged structures in line with their original craftsmanship, ensuring long-term durability from an engineering perspective, and maintaining systematic records of the restoration work. He also issued additional necessary instructions.

Maha Atulawaiyan (Atumashi) Monastery and Sula Muni Buddha Image

Next, the Senior General and his entourage arrived at the Maha Atulawaiyan (Atumashi) Monastery, where they were welcomed by the Chairman of the Board of Trustees, U Mya Win, and other officials. They then paid homage to the revered Sula Muni Buddha image and other sacred Buddha statues inside the monastery, offering flowers and water.

The Senior General also observed the golden robes and golden throne offered to enhance the sanctity of the Sula Muni Buddha image and gave necessary instructions.

Subsequently, the Senior General and wife donated funds from the collective charity contributions, which were received by members of the monastery's board of trustees.

Finally, the Senior General signed the monastery's guestbook and inspected measures taken to maintain the monastery and Buddha images in a dignified and reverential manner. He left further instructions as needed. 100

UN chief calls for promoting understanding, global solidarity through dialogue

United Nations June 10

UN Secretary-General Antonio Guterres on Monday called for efforts to promote mutual understanding and global solidarity through dialogue.

He made the appeal on the occasion of the first anniversary of the International Day for Dialogue among Civilizations.

Today, that mission is more urgent than ever, noted Guterres at a thematic dialogue to mark the first anniversary of the International Day.

"The United Nations was built on a fundamental conviction: dialogue is the path to peace," he said. "On this first International Day for Dialogue Among Civilizations, we celebrate that conviction and the rich diversity of civilizations as a force to promote mutual understanding and global solidarity."

Where dialogue is missing, ignorance fills the void, he said. "Around the world, we hear rising voices of intolerance and xenophobia, amplified by online misinformation and hate speech. In our fractured world, dialogue is not optional, it is essential for building bridges of understanding and trust."

The International Day is a call to action, to listen, to speak, to connect, noted Guterres. "Let's answer hate with humanity. Let's listen with open hearts and open minds. Let's choose dialogue over division and let us strive to be one human family, rich in diversity, united in solidarity, and equal in dignity and human rights." Xinhua

Bogale Township supplies 75,000 viss of field crabs to Yangon market in April

Bogale June 10

Local traders from Bogale Township of Ayeyawady Region sold 75,000 viss of field crabs to Yangon market in April, said Daw Mon Mon, the owner of the fishery product depot in Bogale Township.

It is reported that field flower crabs from Bogale Township were sold and transported to the Yangon market at prices of up to K55,000 per viss during the past March, and between 1 and 30 April, they were sold and delivered at prices reaching up to K75,000 per viss. These marine crabs are being purchased by buyers in the Yangon market.

"The crabs being sold and transported to the Yangon market are caught directly from the fields. Marine products, including flower crabs, are mainly being shipped and sold to the Yangon market. Over the past month, field crabs have been sold and transported up to a weight of 75,000 viss. Currently, the seafood products exported from here are being actively bought by the Yangon market. The strong demand for crabs is due to both domestic needs and foreign market interest. With increased purchases of crabs, fishery entrepreneurs are now more engaged in buying and selling activities," said Daw Mon Mon.

Photo shows field crabs.

Seafood products, including crabs from Bogale Township, are being continuously transported and sold to the Yangon market. The price for 10 viss of field crabs is reaching up to K85,000. Due to the strong demand for these field flower crabs, fishery workers, merchants, and vehicle rental business owners are reportedly benefiting from smoother operations.

Kyaw Kyaw Lin

Myaungmya District harvests over 300,000 acres of summer paddy

Myaungmya June 10

A total of 325,418 acres of paddy planted in this year's summer crops planting season have been harvested in Myaungmya District, Ayeyawady Region, said Daw Khin Htay Myint, head of the Department of Agriculture for Myaungmya District.

In Myaungmya District, 326,595 acres of paddy were planted in this year's summer crop planting season. The summer paddy fields were harvested in the first week of April, and 325,418 acres of paddy have been harvested to date, yielding 114.59 baskets per acre of paddy.

"In order to plant summer paddy without any difficulties this year, the Department of Agriculture and local farmers have been provided with necessary inputs and agricultural technologies. As fertilizer prices are rising during the summer rice planting season, we have also conducted field visits with other agriculture-related departments to provide technical assistance in using alternative fertilizers to reduce costs and ensure the systematic use of fertilizers," she said. KKL

Summer paddy being harvested with the help of machinery.

Kalay District to cultivate over 3,000 acres of pigeon peas in monsoon

Kalay June 10

According to the statistics of Kalay District Agriculture Department, local authorities have earmarked cultivation of over 3,000 acres of pigeon peas this monsoon in Kalay District of Sagaing Region.

In 2025-26 monsoon crop cultivation season, Kalay Township will grow 1,097 acres of pigeon peas, Kalewa Township 35 acres and Mingin Township 2,268 acres, totalling 3,400. Local farmers will start cultivation of the pea in June till September.

U Aung, Head of the District Agriculture Department, stated: "We plan to grow more than 3,000 acres of pigeon peas in the district this monsoon. Local farmers will grow it starting from June. Our department will support local farmers to meet target cultivation as well as boost per-acre yield of corps. Local farmers cultivate pigeon peas as separate crop in addition to the mixed-crop."

Officials of the relevant Township Agriculture Departments will help local farmers select quality strains of crops, use correct agricultural techniques, prevent pests and boost per-acre yield of crops.

Moreover, township departments distribute techniques of making natural folio fertilizers and pesticides made of raw materials to the pigeon pea growers. 206

နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

အမေရိကန်ကြည်းတပ်က ထောက်ပံ့ပို့ဆောင်ရေးဒရုန်း TRV-150 ကို စမ်းသပ်မှုများ ပြုလုပ်ခဲ့

အမေရိကန်ကြည်းတပ်သည် စစ်မြေပြင် အုပ်ချုပ်ထောက်ပံ့မှုများကို အဆင့်မြှင့်တင်ရန်အတွက် နည်းဗျူဟာမြောက် ထောက်ပံ့ပို့ဆောင်ရေးဒရုန်း TRV-150 ကို တီထွင်ထုတ်လုပ်ခဲ့ပြီး လက်တွေ့စစ်မြေပြင်အခြေအနေများအတိုင်း စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများ အလေးချိန် ပေါင် ၁၅၀ (၆၈ ကီလိုဂရမ်)ထိ သယ်ဆောင်နိုင်စွမ်းရှိသော TVR-150 ဒရုန်းသည် တပ်ဖွဲ့ဝင်များ အန္တရာယ်တစ်စုံတစ်ရာမရှိစေဘဲ အုပ်ချုပ်ထောက်ပံ့မှုများကို ပြန်လည်ဖြည့်တင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ ဗဟိုကြီးကြပ်ကွပ်ကဲမှု စစ်ဌာနချုပ် (CENTCOM) ဒေသတွင် ပြုလုပ်ခဲ့သည့် နှစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုများအတွင်း တပ်ဖွဲ့ဝင်များသည် TRV-150 ဒရုန်းများကို တပ်ဆင်ခြင်း၊ ကိုင်တွယ်အသုံးပြုခြင်း၊ တပ်ဖြန့်လုပ်ဆောင်ခြင်းနှင့် စမ်းသပ်ပျံသန်းခြင်းလုပ်ငန်းစဉ်များကို ပူးပေါင်းလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

လေ့ကျင့်ခန်းမှတွင် နည်းဗျူဟာမြောက်စစ်ဆင်ရေး အခြေအနေများအတိုင်း ရိက္ခာ၊ ခဲယမ်းများ ထောက်ပံ့ပေးရန် လမ်းကြောင်းများ အစီအစဉ်ရေးဆွဲခြင်းတို့ပါဝင်သည်။

လေ့ကျင့်မှုတစ်ရပ်တွင် Humvee ကားရှပ် (shaft) ကျိုးသွားခြင်းကြောင့် အစားထိုးပြုပြင်ရန်အတွက် 3D-printed နည်းပညာဖြင့် အချိန်တိုအတွင်းထုတ်လုပ်ထားသော ရှပ်(shaft)ကို အဆိုပါဒရုန်းဖြင့် ပို့ဆောင်ပေးနိုင်ခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနိုင်မှုစွမ်းဆောင်ရည်များကို သရုပ်ပြသနိုင်ခဲ့သည်။

အမေရိကန်တပ်မတော်သည် လက်တွေ့စစ်ဆင်ရေး လိုအပ်ချက်များအပေါ် အာရုံစိုက်၍ မောင်းသူမဲ့လေယာဉ်စနစ်များ၊ ဒရုန်းများကိုအရွယ်အစား၊ နည်းပညာအမျိုးမျိုးအသုံးပြု၍ လျင်မြန်စွာ တီထွင်ထုတ်လုပ်၊ စမ်းသပ်၍ တပ်ဖြန့်အသုံးပြုနိုင်ရန် အရှိန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုလအစောပိုင်းကလည်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် မျိုးဆက်သစ်ဒရုန်းများလက်ခံရရှိသွားနိုင်ရေး ရည်ရွယ်၍ Project G.I အစီအစဉ်တစ်ရပ်ကို စတင်အကောင်အထည်ဖော်လုပ်ဆောင်နိုင်ခဲ့သည်။ အဆိုပါ အစပျိုးလုပ်ဆောင်မှုတွင် အသေးစားနှင့် အလတ်စား မောင်းသူမဲ့လေယာဉ်စနစ်များ၊ ဒရုန်းများကို အမြန် ဆုံးတီထွင်၊ ထုတ်လုပ်ရန်နှင့် ဖြန့်ကြက်အသုံးပြုရန် စစ်ဘက်စက်မှုလုပ်ငန်းကုမ္ပဏီများထံ လက်တွေ့စစ်မြေပြင်များရှိ တပ်ဖွဲ့ဝင်များ၏ တိုက်ရိုက်တုံ့ပြန်ချက် အကြံပြုချက်များကို ပေါင်းစပ်၍ တောင်းဆိုထားကြောင်း သိရသည်။

TRV-150 နှင့် MULE ကဲ့သို့သော နည်းဗျူဟာမြောက် ပြန်လည်ထောက်ပံ့ရေးဒရုန်းများကို အမေရိကန်ကြည်းတပ်မှ စမ်းသပ်နေမှုများသည် စစ်မြေပြင် ထောက်ပံ့ပို့ဆောင်ရေးတွင် သိသာထင်ရှားသော အပြောင်းအလဲကို ကိုယ်စားပြုနေသည်။ ဤဒရုန်းများသည် လျင်မြန်သော၊ လိုက်လျောညီထွေရှိသော၊ အန္တရာယ်နည်းသော အုပ်ချုပ်၊ ထောက်ပံ့မှုလုပ်ဆောင်နိုင်စွမ်းကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ သမားရိုးကျ အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးသည် အချိန်အားဖြင့် ကန့်သတ်ချက်ရှိသော စစ်မြေပြင်အခြေအနေမျိုးတွင်လုပ်ဆောင်ရန် အန္တရာယ်မြင့်မားလွန်းလှသည်။ TRV-150 ဒရုန်းများကို ပေါင်းစည်းအသုံးပြုလာနိုင်မှုသည် ရပ်တည်ရှင်သန်နိုင်မှု၊ တိုက်စစ်အဟုန်ထိန်းသိမ်းနိုင်မှု၊ အမေရိကန်ကြည်းတပ်နှင့်မဟာမိတ်တပ်ဖွဲ့များအတွက် အုပ်ချုပ်ထောက်ပံ့ ပို့ဆောင်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

US Army Trials Tactical Resupply Drone to Boost Battlefield Logistics ကို ဘာသာပြန်ဆိုထားပါသည်။

အဇာဘိုင်ဂျန်က ပါကစ္စတန်နိုင်ငံထံမှ ဘက်စုံသုံးတိုက်လေယာဉ် ၁၆ စင်းမှ အစင်း ၄၀ ထိ တိုးမြှင့်ဝယ်ယူရန် အမှာစာပေးပို့

အဇာဘိုင်ဂျန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံထံမှ JF-17 Thunder ဘက်စုံသုံးတိုက်လေယာဉ်များ ၁၆ စင်းမှ အစင်း ၄၀ ထိ တိုးမြှင့်ဝယ်ယူရန် အမှာစာပေးပို့ထားကြောင်း The Defense Post သတင်းဌာနက ဇွန် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒေသတွင်း ခြိမ်းခြောက်မှုများ၊ အာမေးနီးယားနိုင်ငံနှင့် တင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေသည့်ကြားတွင် အဇာဘိုင်ဂျန်နိုင်ငံ၏ လေကြောင်းစွမ်းအားများ ခေတ်မီ၊ အဆင့်မြင့်မားစေရန် ၂၀၂၄ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ ပထမသုတ်အနေဖြင့် ဘက်စုံသုံးတိုက်လေယာဉ် ၁၆ စင်းကို ဝယ်ယူခဲ့ရာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ သဘောတူစာချုပ် ထွက်ပေါ်လာခဲ့သည်။

ယခုအခါ စုစုပေါင်းဘက်စုံသုံးတိုက်လေယာဉ် အစင်း ၄၀ ထပ်မံဝယ်ယူရန် သဘောတူညီချက်တွင် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံရှိပြီး အဇာဘိုင်ဂျန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံထုတ် တိုက်လေယာဉ်များ အများဆုံးဝယ်ယူအားပေးခဲ့သည့် ဖောက်သည်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ကြောင်း နိုင်ငံတကာ စစ်မှုရေးရာ သတင်းရင်းမြစ်များက အတည်ပြုပြောကြားခဲ့ကြသည်။

၂၀၂၄ ခုနှစ်ကနဦးဝယ်ယူရေးအမှာစာတွင် JF-17 Thunder တိုက်လေယာဉ်များ အရေအတွက် ထပ်မံတိုးမြှင့်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အဆင့်မြင့်ရေဒါစနစ်များနှင့် လေကြောင်းနည်းပညာများ တပ်ဆင်အသုံးပြုထားသော နောက်ဆုံးထုတ် Block III များထိ ပါဝင်လာနိုင်ကြောင်းလည်း သိရသည်။ ပါကစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် အဇာဘိုင်ဂျန်နိုင်ငံသို့ JF-17 Thunder တိုက်လေယာဉ်များ ပထမဆုံးအကြိမ် စတင်ပေးပို့ခဲ့ပြီး တစ်လအကြာတွင် တိုက်ပွဲဝင်အသင့်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့သည်။

JF-17 Thunder တိုက်လေယာဉ်သည် ပါကစ္စတန်နိုင်ငံ လေတပ်အတွက် စျေးနှုန်းအရ တတ်နိုင်သော စတုတ္ထမျိုးဆက်တိုက်လေယာဉ်မျိုးကို တီထွင်၊ ထုတ်လုပ်နိုင်ရန်အတွက် ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့ကြား ပူးတွဲကာကွယ်ရေးအစပျိုးလုပ်ဆောင်မှုများမှတစ်ဆင့် မူလကစိတ်ကူးပုံဖော်ခဲ့ကြခြင်းဖြစ်သည်။

ဒီဇိုင်းနှင့် လေယာဉ်တပ်ဆင်ထုတ်လုပ်ခြင်းကို ပါကစ္စတန်နိုင်ငံပိုင် Pakistan Aeronautical Complex အဖွဲ့ကြီးနှင့် တရုတ်နိုင်ငံ Chengdu Aircraft Corporation ကော်ပရေးရှင်းတို့မှ ပူးပေါင်းစီမံခန့်ခွဲပြီး စတင်အသုံးပြုလာကတည်းက အဆင့်မြှင့်တင်မှု အများအပြားစဉ်ဆက်မပြတ် ပြုလုပ်နိုင်ခဲ့သည်။

တိုက်လေယာဉ်သည် အရှည် ၁၄ မီတာ (၄၆ ပေ)၊ တောင်ပံအရှည် ကိုးမီတာ (ပေ ၃၀) ရှိပြီးလက်နက်အလွတ်၊ အလေးချိန် ၇၉၀၀ ကီလိုဂရမ် (၁၇၄၁၇ ပေါင်) ရှိသည်။ ၎င်းကို Klimov RD-93 အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး Mach 1.6 (တစ်နာရီလျှင် ၁၉၇၆ကီလိုမီတာ/၁၂၂၈မိုင်)၊ အကွာအဝေးရေမိုင် ၁၈၈၀ (၃၄၈၂ကီလိုမီတာ/၂၁၆၃မိုင်)နှင့် အမြင့် ၁၆၉၀၀ မီတာထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသည်။

လက်နက်တပ်ဆင်မှုများအနေဖြင့် ၂၃ မီလီမီတာအမြောက်များ၊ သင်္ဘောဖျက်ဒုံးကျည်များ၊ ဝေဟင်မှ ဝေဟင်ပစ်၊ ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များ၊ ပဲ့ထိန်းနှင့် ပဲ့ထိန်းမဲ့ဗုံးများနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးတန်ပြန်မှုစနစ်တို့ တပ်ဆင်အသုံးပြုထားကြောင်း သိရသည်။

Azerbaijan Orders More JF-17 Fighters From Pakistan ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် စစ်ကိုင်းမြို့ ရာဇမဏ္ဍိုဈေးကောင်းမှုတော်စေတီတော်မြတ်ကြီး အတွင်းပိုင်း၊အပြင်ပိုင်းနှင့် စောင်းတန်းများ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပျက်အစီးများဖယ်ရှားရင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် စစ်ကိုင်းမြို့ ရာဇမဏ္ဍိုဈေးကောင်းမှုတော်စေတီတော်မြတ်ကြီးရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုကို ကြည့်ရှုစစ်ဆေးစဉ်။

ရှေ့ဖုံးမှအဆက်

ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးအတွက် KG + 9 ထိ အခမဲ့ပညာရေးစနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် သင်ကြားရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် စာပေပညာ၊လူမှုဆက်ဆံရေး အသိပညာများရရှိစေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ “အမျိုးသားစည်းကမ်း အစစာသင်ကျောင်းက”ဟူသည့် အတိုင်းကလေးငယ်များအနေဖြင့် ငယ်စဉ်ကလေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်တည်ဆောက်ရန်လိုအပ်သည့် စာသင်ဆောင်များနှင့် ယာယီစာသင်ဆောင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြစဉ်။

ဘဝကတည်းကပင် စည်းကမ်းစနစ်တကျ ဖြင့် နေထိုင်သွားလာပြောဆိုတတ်စေရေး သင်ကြားပေးသွားရမည်ဖြစ်ကြောင်း၊ကျောင်း နေအရွယ်ကလေးများအားလုံး ပညာသင် ကြားနိုင်ရေးအတွက်လည်း စည်းရုံးဆောင် ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားပြီး လိုအပ်ချက်များကိုမေးမြန်းဖြည့်ဆည်းဆောင် ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြန်လည်ပြုပြင်တည် ဆောက်ရန်လိုအပ်သည့် စာသင်ဆောင်များ နှင့် ယာယီစာသင်ဆောင်ဆောက်လုပ်နေမှု တို့ကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ ၏တင်ပြချက်များအပေါ် စာသင်ဆောင်များ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင်ရေရှည် ခိုင်ခံ့ကောင်းမွန်ရေးအတွက် စနစ်တကျ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည် ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်းတို့ ကိုကပ်လှူပူဇော်သည်။ ထို့နောက်နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မန္တလေးငလျင်ကြီးလှုပ်ခတ် ခဲ့မှုကြောင့် ကောင်းမှုတော်စေတီတော်မြတ် ကြီး အတွင်းပိုင်း၊အပြင်ပိုင်းနှင့် စောင်းတန်း များ၊ သာသနိကအဆောက်အအုံများ၌ထိခိုက် ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက် ထားရှိမှုပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ လမ်းညွှန် မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရာဇမဏ္ဍိုဝိုဏ်ဘုရားကောင်းမှုတော်စေတီတော်မြတ်ကြီး အတွက် ဘက်စုံစုပေါင်းအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီတဂူဝိပဿနာကျောင်း တိုက်သို့ရောက်ရှိပြီး နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္မဋ္ဌာဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ဥာဏိသရ အား ဖူးမြော်ကြည်ညိုကာ ငလျင်ဘေးဒဏ် ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော် များကိန်းဝပ်ရာ ဘုရား၊စေတီပုထိုးများပြုပြင် ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ ကလှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀ နှင့်လှုဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း သည်။ ယင်းနောက် လှူဒါန်းမှုအစုစုတို့အား ငလျင်သဘာဝဘေးကြောင့် အသက်ခန္ဓာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများနေရာချထားမည့်နမူနာပုံစံများကို ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စာသင်ဆောင်များတွင် ကျောင်းသား၊ ကျောင်းသူများပညာသင်ယူနေမှုအခြေအနေ များကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရာဇမဏ္ဍိုဝိုဏ်ဘုရားကောင်းမှုတော် စေတီတော်မြတ်ကြီး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရာဇမဏ္ဍိုဝိုဏ်ဘုရားကောင်းမှု တော်စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး မြောက်ဘက်မျက်နှာစာရှိ မေတ္တာကန်၌ ငါးစာကျွေးခြင်း၊ငါးလွှတ်ခြင်းတို့ဆောင်ရွက် ၍ ကုသိုလ်ယူကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးရှိ အောင်မြေဗောဓိမဓ္ဓာရုံအတွင်း၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် ဂေါပကအဖွဲ့ဝင်များက ရာဇမဏ္ဍိုဝိုဏ် ကောင်းမှုတော်စေတီတော်မြတ်ကြီး သမိုင်း ကြောင်းမှတ်တမ်းဓာတ်ပုံများ၊ မန္တလေး ငလျင်မလှုပ်ခတ်မီမှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ ရမှုမှတ်တမ်းဓာတ်ပုံများဖြင့်ရှင်းလင်းတင်ပြ ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက် ပျက်စီးခဲ့ရမှုများကို မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်၊ မေတ္တာ ကန်ပတ်လည်၌ အရိပ်ရအပင်များကိုအတန်း လိုက်၊ အကန့်လိုက်စိုက်ပျိုးသွားရန်၊ ဘုရား စေတီများရှိ စောင်းတန်းများတွင် ဘုရားဖူး လာရောက်သူများ စိတ်အေးချမ်းသာစွာဖြင့် နားနေနိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး တို့က စေတီတော်မြတ်ကြီးအတွက် ဘက်စုံ စုပေါင်းအလှူတော်ငွေများကို ပေးအပ် လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံ ရယူကြသည်။

ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ဘုရား၊ စေတီပုထိုးများပြုပြင်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဘိလပ်မြေ တန်ချိန် ၁၅၀၀ လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြ ပြီး ထိခိုက်ပျက်စီးမှုများကို ရှင်းလင်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဆွမ်းဦးပုညရှင်စေတီတော်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော်သို့ ရောက်ရှိကြ ပြီး ထိခိုက်ပျက်စီးမှုများကို ရှင်းလင်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဆုံးရှုံးခဲ့ရသည့် ရဟန်းသံဃာများ၊ သာသနာ့ဓယ်ဝင်သီလရှင်များနှင့် ပြည်သူ အပေါင်းတို့ရရှိစေရန် အမျှပေးဝေ ကြသည်။

စာမျက်နှာ ၁၈ သို့

နိုင်ငံတော်ဩဝါဒါစရိယ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသိရထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဘိလပ်မြေတန်ချိန် ၁၅၀၀နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာမုနိရုပ်ရှင်တော်၌ ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သောလှုပ်ခတ်မှုများကြောင့် မြေခခွဲရသည့် စိန်ဖူးတော်၊ငှက်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ယင်းနောက် ဓမ္မာရုံ၌ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများ၊ မန္တလေးငလျင်မလှုပ်ခတ်မီ မှတ်တမ်းဓာတ်ပုံများနှင့် ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှု မှတ်တမ်းဓာတ်ပုံများ၊ စေတီတော်ကြီးအား ကျွမ်းကျင်ပညာရှင်များက တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့မှုအခြေအနေများ၊စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သံကူကွန်ကရစ်ထုတ်များဖြင့် အားဖြည့်တည်ထားမည့် နမူနာပုံစံများ၊ စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ နေရာချထားမည့်နမူနာပုံစံများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ငလျင်ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့မှုများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်မြတ်ကြီးအား ရှေးမူမပျက် မူလပုံစံအတိုင်းပြန်လည်ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်သွားရန်၊ စေတီတော်မြတ်ကြီး၏ ယခင်မှတ်တမ်းဓာတ်ပုံများကို ပြန်လည်စုဆောင်း၍ သမိုင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျ ပြုစုထားရှိသွားရန်နှင့် စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ခိုင်ခံ့မှုရှိစေရေး စနစ်တကျ တွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓမ္မာရုံတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

စစ်ကိုင်းတံတား(အင်းဝ) ခုံးအမှတ်(၄)နှင့်(၅) ဖယ်ရှားရှင်းလင်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ရတနာပုံ)သို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက စစ်ကိုင်းတံတား(အင်းဝ) ခုံးအမှတ်(၄)နှင့်(၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်းဖွင့်လှစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဧရာဝတီတံတား(ရတနာပုံ)တွင် Lateral Bracing, Bearing နှင့် Pier တိုင်များ ပျက်စီးသည့် အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် **စာမျက်နှာ ၁၉ သို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ကိုင်းတံတား(အင်းဝ) ခုံးအမှတ်(၄)နှင့်(၅) အပျက်အစီးများကို ဖယ်ရှားရှင်းလင်း၍ ရေလမ်းကြောင်းဖွင့်လှစ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၀

၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့်သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧမ္ဘူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ရှင်းလင်းဆောင်၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိုးစပါးစိုက်တောင်သူများအနေဖြင့် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များနှင့် သွင်းအားစုများကို နိုင်ငံတော်ထောက်ပံ့ငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်းမရရှိပါက အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီးနောက် တစ်ကြိမ်ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ သို့မှသာ စိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမည်ဖြစ်ပြီး တောင်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်း မြင့်မားလာစေမည်ဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထောက်ပံ့ခဲ့သည့် သွင်းအားစုနှင့်ညီမျှသောငွေများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများ၊ သမဝါယမ Exam Bank ချေးငွေများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို သီးနှံပေါ်ပါက သတ်မှတ်ကာလအတွင်း အပြေအကြေပေးသွင်းကြရန် လိုအပ်ကြောင်း၊ ယခုနိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း အသင်းသားတောင်သူများ အချိန်မီထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများ စျေးကွက်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က ဧမ္ဘူသီရိမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် အောင်နိုင်တိုး၊ ထိုင်းနှံကောက်မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ ဖြင့် လျှုဒါန်းသောဆန်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၁၀

နေပြည်တော်ကောင်စီနယ်မြေရှိငလျင်ဘေးသင့်ပြည်သူများအတွက် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ ဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က လျှုဒါန်းသော ဆန်တန်ချိန် ၁၆၁၀ ကို စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် နေပြည်တော်ကောင်စီသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဧမ္ဘူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ APTERR အတွင်းရေးမှူးချုပ်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံရုံးကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက APTERR အစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး APTERR အတွင်းရေးမှူးချုပ် Dr. Choomjet Karnjanakesorn၊ ကိုရီးယားနိုင်ငံသံရုံး ကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံသံရုံး အတိုင်ပင်ခံ Mr. Ouyangdaobing တို့က လျှုဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လျှုဒါန်းသည့်ဆန်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်ပြီး APTERR အတွင်းရေးမှူးချုပ်၊ ကိုရီးယားနိုင်ငံသံရုံး ကိုယ်စားလှယ်နှင့် တရုတ်နိုင်ငံသံရုံး အတိုင်ပင်ခံတို့က ငလျင်ဘေးသင့်ပြည်သူများထံ ဆန်အိတ်များ လွှဲပြောင်းပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြပြီး ငလျင်ဘေးသင့်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

အောင်မျိုးဝင်း(ဥတ္တရ)

စာမျက်နှာ ၁၈ မှအဆက်

လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မဟာမုနိရုပ်ရှင်တော်

ဎနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်သို့ရောက်ရှိကြပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ငလျင်ဘေးဒဏ် ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခဲခဲ့ရသည့် စိန်ဖူးတော်၊ ၄က်မြတ်နားတော်တို့၌ စေတနာရှင်အများပြည်သူများ လှုဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငလျင်လှုပ်ခတ်စဉ် ကွာကျခဲ့ရသည့် ရှေးဟောင်းလက်ရာနံရံဆေးရေး ပန်းချီများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာမုနိရုပ်ရှင်တော်နှင့် သာသနိကအဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြတိုက်တော်ကြီးအတွင်း၌ မန္တလေးမြို့တော်ဝန်နှင့် မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ငလျင်ဖြစ်ပေါ်ခဲ့စဉ် ထိခိုက်ပျက်စီးခဲ့ရမှု အခြေအနေများနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်ပျက်စီးခဲ့ရမှုများကို မူလလက်ရာမပျက် စနစ်တကျဖြင့် ပြန်လည်ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အင်ဂျင်နီယာရှုထောင့်ကကြည့်၍ ပြုပြင်မှုများကို ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်သွားရန်နှင့် ပြုပြင်မှုများကို စနစ်တကျမှတ်တမ်းထားရှိရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးနှင့် စူဌာမုနိရုပ်ရှင်တော်မြတ်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ကျောင်းတော်ကြီးအတွင်းရှိ စူဌာမုနိရုပ်ရှင်တော်မြတ်နှင့်ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စူဌာမုနိရုပ်ရှင်တော်မြတ်အား ပိုမိုကြည်ညိုသဖွယ်ဖွယ် ဖြစ်စေရေးအတွက် ရွှေသင်္ကန်းတော်နှင့် ရွှေပလွင်တော် ကပ်လှူပူဇော်ထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ဎနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘက်စုံစုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး ဇည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ကျောင်းတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များအား ပိုမိုကြည်ညိုသဖွယ်ဖွယ် ဖြစ်စေရေးထိန်းသိမ်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၀

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌက ယနေ့အစည်းအဝေးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက်ထိ ချေးငွေများ ထုတ်ချေးထားရှိမှုနှင့် ပြန်လည်ပေးဆပ်မှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှုအခြေအနေ၊ ချေးငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်းတင်ထားရှိရေး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်မှုပြီးစီးမှု အခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံချေးငွေ ထုတ်ချေးရေးစာချုပ် ချုပ်ဆိုဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မွေးမြူရေးချေးငွေများ ထုတ်ချေးနေမှုနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်း ဆောင်ရွက်နေမှု၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးနိုင်မှုနှင့် ချေးငွေတိုးမြှင့်ထုတ်ချေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက (၁/၂၀၂၅)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများက တင်ပြလာသော ချေးငွေသက်တမ်း တိုးမြှင့်ခွင့်ပြုရန်နှင့် လုပ်ငန်းတိုးချဲ့ ဆောင်ရွက်မှုများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြု ရန်ကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွေးကောက်ပွဲအောင်မြင်ရေးအတွက် မဲစာရင်းမှန်ကန်ရေးသည် အခြေခံအကျဆုံးလုပ်ငန်းများဖြစ်ရာ သတ်မှတ်ကာလအတွင်းလုပ်ငန်းများပြီးစီးရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်းတိကျမှန်ကန်စေရန် အသက် ၁၈ နှစ်နှင့် အထက် လူဦးရေစာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန် လိုအပ်ပါကြောင်း၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့ရာတွင် မိမိတို့ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများ၌ရှိသည့် ရုံးလက်ခံ အိမ်ထောင်စုလူဦးရေစာရင်းပါ အချက်အလက်များကို တစ်အိမ်တက်ဆင်းကွင်းဆင်းစိစစ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

သို့ရာတွင် မြေပြင်တွင်နေထိုင်ခြင်းမရှိသော်လည်း ရုံးလက်ခံအိမ်ထောင်စုစာရင်းတွင် ပယ်ဖျက်ထားခြင်းမရှိသူများ၊ လူတစ်ဦးတည်းက အိမ်ထောင်စုလူဦးရေစာရင်းတစ်ခုထက်မက ပါဝင်နေသူများ၊ လူတစ်ဦးတည်းက နိုင်ငံသားစိစစ်ရေးနံပါတ်တစ်ခုထက်မက ကိုင်ဆောင်ထားသူများ ပါဝင်နေပါကြောင်း၊ ရုံးလက်ခံအိမ်ထောင်စုလူဦးရေစာရင်းတွင် မပါဝင်သူများကိုလည်း ယာယီအိမ်ထောင်စုလူဦးရေစာရင်းဖြင့် စာရင်းကောက်ယူခဲ့ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်အရ သတ်မှတ်ထားသည့် သန်းခေါင်စာရင်းရည်ညွှန်းချိန်၌ တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မူ (De Facto Method) ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နေထိုင်သူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ စာရင်းကောက်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ မြေပြင်ကွင်းဆင်းအတည်ပြု လူဦးရေစာရင်းနှင့်သန်းခေါင်စာရင်းလူဦးရေသည် ကာလအားဖြင့် နှစ်နှစ်ခန့်ကွာခြားနေပြီဖြစ်ရာ လူဦးရေကွာဟချက်အခြေအနေများကို သိရှိနိုင်ရေးနှင့် အချက်အလက်ပိုမိုပြည့်စုံမှန်ကန်စေရေးအတွက် အဆိုပါစာရင်းနှစ်ခုကို မြို့နယ်အဆင့်မှသည် အခြေခံကျကျ အဆင့်ဆင့်စနစ်တကျ နှိုင်းယှဉ်သုံးသပ်တိုက်ဆိုင်စိစစ်၍ မဲစာရင်းတိကျမှန်ကန်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြု လူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပန်းခင်းစီမံချက် အဆင့်(၃) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာကြသည့် ကြီးကြပ်မှုဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီပြီးစီးရေးဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အခြေခံကျသည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးတို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်စုပေါင်းရုံးဝင်းအတွင်း Modular Container House များ ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ အသစ်ထပ်မံတည်ဆောက်မည့်မြေနေရာများအား ရွေးချယ်သတ်မှတ်ပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် စဉ်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးစျေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ကျောက်ဆည်မြို့ ဘောဂဝတီရပ်ကွက် မင်းရဲဆည်အတွင်း၌ ခရိုင်မီးသတ်ဦးစီးဌာနက ကျင်းပသည့် ရေပြင်အသက်ကယ်သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အသက်ကယ်လေ့များဖြင့် သရုပ်ပြခြင်းနှင့် လက်တွေ့ရေပြင်ကယ်ဆယ်ခြင်း သရုပ်ပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး စဉ်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ TOP Myanmar ပီနံအိတ်စက်ရုံနှင့် KIYO-MYANMAR Healthy Friut & Veggie Chips စက်ရုံတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု၊ ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများ၊ ဘဲလင်းကျေးရွာရှိမြင့်မိုရ်တောင်ဘုရားနှင့် နှစ်ဆူတောင်ဘုန်းတော်ကြီးကျောင်းတို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ စဉ်ကိုင်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးစျေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ဥယျာဉ်ငယ်ကျေးရွာ ဥယျာဉ်လေးပရဟိတဘုန်းကြီးကျောင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ပြုပြင်ရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ဥယျာဉ်လေး ပရဟိတဘုန်းတော်ကြီးကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတ်ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လှပ်ထားခြင်းသည်လည်း ရွှေပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉) **ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မဟာသမယအခါတော်နေ့ အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ

သံဃာတော်များအား ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေး ဆွမ်းသပိတ် ဆွမ်းဆန်စိမ်းများ လောင်းလှူစဉ်။

နေပြည်တော် ဇွန် ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံကျောင်းတိုက်ရှိ အနန္တသုခ ရွှေတိဂုံဓာတုစေတီတော်ကြီး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် မဟာသမယအခါတော်နေ့အခမ်းအနားနှင့် သံဃဒါနဆွမ်းသပိတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ခေမာသီဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဣန္ဒေါ ဘာသအမှူးပြုသော သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ ကြွရောက်တော်မူကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ခေမာသီဝံကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မဟာသမယအခါတော်နေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက သာသနာရေးဆိုင်ရာများကိုလျှောက်ထားပြီး သံဃာတော်များက မဟာသမယသုတ် ပါဠိတော်များ ရွတ်ဖတ်ပွားများချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဝတ်ရွတ်အဖွဲ့က မဟာသမယသုတ် အမွန်းရှစ်လုံးဖွဲ့ ကဗျာများကို ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် တက်ရောက်လာကြသူများက ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအား ဆွမ်းသပိတ် ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ မိုးသည်းထန်စွာရွာသွန်းခြင်းမှ

မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါ ဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့်ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့် လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



☆ ကျောဖုံးမှအဆက်

မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မြန်မာအသင်းကပင် အိမ်ရှင်ပရိသတ်များရှေ့တွင် ပါကစ္စတန်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ဝင်းနိုင်ထွန်း၊ မောင်မောင်လွင်တို့ အပိုင်ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းလိုအပ်ချက်များကြောင့် နောက်ထပ်သွင်းဂိုးများ ရယူနိုင်ခြင်းမရှိခဲ့သည့်အတွက် သန်းပိုင်၏ တစ်လုံးတည်းသောသွင်းဂိုးများဖြင့် မြန်မာအသင်းက အိမ်ကွင်းတွင် ပါကစ္စတန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၇ အာရှဖလားပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် မြန်မာအသင်းသည် အုပ်စုနှစ်ပွဲကစားခဲ့ရာ ပထမပွဲစဉ်တွင် အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယခုပွဲစဉ်တွင်လည်း တစ်ဂိုး ဂိုးမရှိဖြင့် ထပ်မံအနိုင်ရရှိခဲ့သည့်အတွက် အိမ်ကွင်းနှစ်ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့ပြီး အုပ်စုတတိယပွဲစဉ်အဖြစ် အောက်တိုဘာ ၉ ရက်တွင် ဆီးရီးယားအသင်းကို အိမ်ကွင်းတွင် လက်ခံကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

ဝို့ကုန် နှစ်ဆ တိုးမြှင့်ကြ

ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

နေပြည်တော် ဇွန် ၁၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၇၄၂၅ ပါး/ဦးအနက် ၆၀၀၆ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၈၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

(သတင်းစဉ်)

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "**ပြည်သူ့ကြားကပြည်သူ့စကား**" အစီအစဉ်မှ "**ပြည်သူကို ရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့**" ခေါင်းစဉ်ဖြင့် ၁၁ -၆ -၂၀၂၅ ရက်(**ယနေ့**) မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "**အနာဂတ်မျိုးဆက်သစ်လူငယ်လူရွယ်တွေကို စာပေသင်ကြားပေးနေတဲ့ ပညာရေးဝန်ထမ်းတွေကို အကြောင်းအမျိုးမျိုးပြပြီး ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်နေတဲ့အကြမ်းဖက် PDF အဖွဲ့**"ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၅ ခုနှစ် ဇွန် ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတင်းမှတ်ရေးကော်မတီ

ထူးခြားသည့် နေ့အပူချိန်များ

(၁၀- ၆ -၂၀၂၅)

မင်းဘူး	၃၈	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်
ညောင်လေးပင်	၃၈	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ချောက်	၃၇	ဒသမ	၃	ဒီဂရီဆဲလ်စီးယပ်
ဟုမ္မလင်း	၃၇	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
ခန္တီး	၃၆	ဒသမ	၉	ဒီဂရီဆဲလ်စီးယပ်
တံတားဦး	၃၆	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
မြင်းမူ	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မချမ်းဘော	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မိုးညှင်း	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မကွေး	၃၅	ဒသမ	၈	ဒီဂရီဆဲလ်စီးယပ်

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်

မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသား သုံးဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇွန် ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ဆိုင်ရာ တောင်ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Counsellor Mr. Rhee Wuchan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဧနဝါရီ ၃၀ ရက်မှ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၁၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၇၅၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ဦးရေ ၃၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး ကိုးဦးတို့ ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၁၀

အစွန်းရောက် အကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နေသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ရပ်များအား ငွေကြေးထောက်ပံ့ကာ နောက်ကွယ်မှ သွေးထိုးမြှောက်ပင့်လှုံ့ဆော်မှုများဖြင့် အများပြည်သူသွားလာအသုံးပြုသော လမ်းမကြီးများ၊ ရထားလမ်းများ၊ ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် လူနေအိမ်များကို ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်း၊ အဝေးမှ ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အောက်ဝါးနက်ချောင်းကျေးရွာ နယ်မြေခံသင်တန်းကျောင်းအုတ်တံတိုင်းဘေးတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ “ဝါဖူး” အထည် ချုပ်စက်ရုံမှ ကြာဖြူကန်ကျေးရွာနေ ဦးဝင်းကျော် ၄၀ နှစ်မောင်းနှင်ပြီး အထည်ချုပ်ဝန်ထမ်းများလိုက်ပါလာသည့် 9B/1349 Isuzu Canda မော်တော်ယာဉ်သည် အဆိုပါ နေရာအနီးအရောက်၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ဝါဖူးအထည်ချုပ်စက်ရုံမှ အလုပ်သမားများဖြစ်သည့် ကိုကျော်ရဲအောင် ၃၃ နှစ်၊ ဒေါ်မြမြဆင့် ၄၅ နှစ်၊ ဒေါ်ထွေးထွေးရီ ၄၁ နှစ်၊ မအိုပိုပိုသက် ၂၃ နှစ်၊ မအေးမာထွန်း ၄၃ နှစ်၊ မဇင်မာသင်း ၂၉ နှစ်၊ မအိအိပြုံး ၃၅ နှစ်၊ မဝေနင်းစိုး ၂၈ နှစ်၊ မလေးလေးနွယ် ၅၀ နှစ်၊ မနွယ်နွယ်ဝါ ၃၃ နှစ် စုစုပေါင်း အမျိုးသား တစ်ဦး၊ အမျိုးသမီး ကိုးဦးတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်မှုကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူ့သို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဒြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ အလိုရှိတရားခံပြေးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်နယ်မြေ(၂) ဟေနမ့်လင်းကျေးရွာရှိ ဒေါ်နန်းကော့၏ခြံဝင်း၌ ထိုင်းနိုင်ငံမှ အလိုရှိတရားခံပြေးများ ၄ားရမ်းနေထိုင်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ထိုင်းနိုင်ငံမှ မူးယစ်မှုဖြင့် အလိုရှိတရားခံပြေး Mr. Phanatsak Riabpuang နှင့် Miss. Wanida Jak-keaw တို့နှစ်ဦးကို စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ နှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့နှစ်ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၅၀၁)

ပြစ်မှုကျူးလွန်သူများကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် စက်ချွတ်ယွင်းကာ မတော်တဆမှုဖြစ်ပွား

နေပြည်တော် ဇွန် ၁၀

တပ်မတော်(လေ)မှ တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် လေ့ကျင့်ပျံသန်းရေးဆောင်ရွက်စဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ၏ အရှေ့ဘက် မီတာ ၂၀၀၀ ခန့် အကွာ စပါးစေ့ကျေးရွာအနီးသို့အရောက် ရုတ်တရက် စက်ချွတ်ယွင်းမှုဖြစ်ပေါ်ခဲ့ကာ မြေပြင်ပေါ်သို့ပျက်ကျခဲ့ပြီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ လေယာဉ်ပျက်ကျခဲ့သည့် နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကသွားရောက်၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လေယာဉ်စက်ချွတ်ယွင်းမှုအကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန်၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “ရန်နိုင်ထက်” Face-book အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ ရန်နိုင်ထက်(ခ) ရန်နိုင်အား ညနေ ၄ နာရီ မိနစ် ၅၀ တွင် ချမ်းမြသာစည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

(၁)

ခရောင်မိုးသားများက ပြာလွင်သောကောင်းကင်ကို ဖုံးအုပ်ထားသည်။ လေးနှစ်အရွယ်ရှိ သားလေး ထောင်ဇမ်က အိမ်တွင်ပြေးလွှားကစားနေသည်။ နို့စို့အရွယ်သမီးလေး အားဆုန်က မိခင်ဖြစ်သူ ဒေါ်မိုင်ယောင် ရင်ခွင်ထက်မှာ။ ဒေါ်မိုင်ယောင်ကတော့ မျက်ရည်များသုတ်ကာ လူမမည် သားသမီးနှစ်ဦး၏ ရှေ့ရေးအတွက် တစ်စုံတစ်ခုကို တွေးပူသောက ရောက်နေသည်။

ဒေါ်မိုင်ယောင်၏ သစ်သားအိမ်လေးက တစ်မူထူးစွာ လူများပြည့်ကျပ်စည်ကားနေသည်။ မိန်းမအများစုက မျက်ရည်များကျနေသလို အမျိုးသားအများစုက မျက်နှာမသာမယာရှိနေသည်။ ပြီးတော့ သူတို့ရှေ့မှာ အသုဘအလောင်းတစ်လောင်း။

"မရီးရယ် ကျွန်တော်လဲ မြို့မှာကိစ္စရှိလို့သွားလိုက်တာ ပြန်လဲလာရော အစ်ကို ကျားကိုက်သေဆုံးတယ် သိရလို့ စိတ်မကောင်းအကြီးအကျယ်ဖြစ်ရတယ်"

ဝမ်းနည်းစွာပြောနေသော ကပ်ထောင်း မရီးဖြစ်သူကို ရှင်းပြနေသည်။

"ဘွေးတေကို ကျွန်တော်ပြောလိုက်တယ်။ မုဆိုးနီဒွန်းက ကျားခြေရာတွေ ဘွေပါးတောင်အစပ်မှာ တွေ့တယ်လို့ပြောတော့ ကျားလာရင် ပြန်သတ်ရုံပဲပြောတယ်"

ဘွေးတေ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သော ရမ်ထန်းကလည်း ဇည့်သည်များကို ရှင်းပြနေ၏။ ဇည့်သည်များကား အခြားမဟုတ် ကျားကိုက်၍ သေဆုံးသွားသည့် ဘွေးတေနေထိုင်သည့် ဖိုင်ရွာသူ၊ ရွာသားများဖြစ်သည်။ ဒေါ်မိုင်ယောင်ကို နှစ်သိမ့်အားပေးနေခြင်းဖြစ်သည်။

"ကျွန်မကိုလဲ ကျားခြေရာတွေ့တယ်လို့ ပြောတယ်။ နင်တို့သားအမိ ရွာထဲပြန်တော့ဆိုပြီး ပြန်ခိုင်းတယ်။ ရှင်လဲလိုက်ခဲ့လေဆိုတော့ မနက်ဖြန်တောင်ယာဆက်ခုတ်ရအုံးမှာ ငါ့ကိုစိတ်မပူနဲ့ဆိုပြီး ကျန်ခဲ့တာ။ ကျွန်မတို့ သားအမိသုံးယောက်က လွတ်သွားတာပေါ့"

"ဒါနဲ့ ကျားခြေရာတွေ့တဲ့ နီဒွန်းတို့ရော"

"သူတို့ ကျားနောက်ကို ဆက်လိုက်နေကြတယ်။ ကျားလဲ ဓားအခုတ်ခံရလို့ သွေးစက်တွေရဲ့နောက် အတိုင်း လိုက်သွားကြတယ်"

(၂)

ဒေါ်မိုင်ယောင်တစ်ယောက် သမီးငယ် အားဆုန်ကိုချီ၊ သားကိုဘေးမှာထားကာ လက်မောင်းလုံးခန့် လဲကျနေသောသစ်ကိုင်းများကို ဓားမဖြင့် ခုတ်နေသည်။ တောင်ယာခုတ်ပြီးလျှင် အောက်ခြေရှုပ်နေသော ပေါင်းများ၊ မြက်များကို ပေါက်ပြားဖြင့်ပေါက်ကာ ရှင်းလင်းရသည်။ တကယ်လုပ်ကိုင်ကြည့်မှ ပင်ပန်းကြောင်း သူသိသွားသည်။ အရင်က ခင်ပွန်းဖြစ်သူ ဘွေးတေလုပ်နေ၍ မသိသာလှ။ အခုတော့ မုဆိုးမဘဝဖြင့် သည်နှစ် တောင်ယာဘယ်လိုစိုက်ရမလည်း တွေးနေသည်။

တောင်ယာသုံးဇကခန့်သာ ခုတ်ရသေးသည်။ ကျန်သစ်တောများက အုပ်အုပ်ဆိုင်းဆိုင်းရှိနေဆဲ။

"ကျွတ် ကျွတ် ကျွတ်"

သစ်ကိုင်းများက ထင်းအဖြစ်သုံးနိုင်သည်။ ခါးကိုင်းခုတ်ရသဖြင့် ခါးအဆန့် ခါးနာသွားသလိုဖြစ်သွားသည်။ ကျန်ရစ်ခဲ့သော လူမမည်ကလေးနှစ်ဦး၏ အနာဂတ်က သူ့ပခုံးပေါ်ကျရောက်နေသည်။

"ဝုတ် ဝုတ် ဝုတ်"

ခွေးဟောင်သံကြား၍ နောက်လှည့်ကြည့်လိုက်တော့ မတ်တောစပ်သူ ကပ်ထောင်း။

"မရီး တောင်ယာခုတ်နေတာလား။ ကျွန်တော်လဲ ဝိုင်းခုတ်ပေးပဲ့မယ်"

"ရပါတယ်။ ငါလဲ ကလေးအရွယ်က အဖေတို့နဲ့ တောင်ယာထဲလိုက်ခဲ့တော့ ရိုးနေပါပြီ"

သူပြောလိုက်ပေမဲ့ လင်သားမဲ့နေသော မိန်းမသားပီပီ အားငယ်စိတ်ဝင်မိ၏။

"တခြားမဟုတ်ဘူး။ ရွာက မရီးစားဖို့ ချေသားပေးခိုင်းလိုက်လို့ပါ။ နောက်ပြီး အစ်ကိုဘွေးတေကို ကိုက်တဲ့ကျားကို တိန်ဆီးတောင်အတက်မှာ နီဒွန်းနဲ့ ရွာသားတွေ အသေပစ်လို့ရတယ်တဲ့။ နီဒွန်းက ကျားအောင်ပွဲလုပ်မယ်ပြောတယ်"

"ငါတော့စိတ်မဝင်စားဘူးဟာ။ ငါ့ယောကျ်ားကို သတ်တဲ့ကျားကို မကြည့်ချင်ဘူး။ ဒီကျားတွေ၊ ဝက်ဝံတွေကြောင့် မုဆိုးမဖြစ်ကုန်ကြတာမနည်းတော့ဘူး။ အခုတော့ ငါပါတိုးလာပြီ။ ဒါကြောင့် လူတွေကလဲ မသတ်ချင်ဘဲ သတ်နေရတယ်။ မုဆိုးမဘဝနဲ့ဘယ်လိုစားသောက်ဖို့ ရုန်းကန်ကြရမလဲ"

"သည်ကလေးနှစ်ယောက်နဲ့ပတ်သက်ပြီး မရီးဘာလုပ်မယ် စဉ်းစားထားလဲ"

ကပ်ထောင်းမေးတာ အဓိပ္ပာယ်ရှိသည်။ အချို့ကမြို့က ကလေးမရှိသူတွေက လာတောင်းကာ မွေးစားကြသည်။ အချို့ကတော့ မွေးကာ ရင်အုပ်မကွာနေကြသည်။

"ငါကတော့ သားသမီးတွေဘဝအတွက် မွေးမယ်။ အခုတော့ ခုတ်ထားတဲ့ထင်းတွေကို မီးရှို့မယ်။ မြေသြဇာရတာပေါ့။ ပြီးရင် မခုတ်သေးတဲ့သစ်ပင် အောက်မှာ ဝဋ္ဌစိုက်မယ်၊ မြေပြောင်ပြောင်နေရာမှာ ပြောင်းဖူးစိုက်မယ်"

ထမင်းစားပြီးသည်နှင့် အလေ့ကျပေါက်သော ဝဋ္ဌပင်များကို ရှာသည်။ အရိပ်ရသစ်ပင်အောက်တွင် စိုက်သည်။ ကပ်ထောင်းက ဝဋ္ဌပင်များကိုစိုက်ရန် မျိုးလာပေးသည်။ ဝဋ္ဌက ဝင်ငွေရှာပေးသော သီးနှံဖြစ်သည်။ ဝဋ္ဌက တစ်ပိုင်တစ်နိုင်စိုက်လျှင်ပင် တစ်နှစ်လျှင် သိန်းလေးဆယ်ခန့်ရနိုင်သည်။ ဒေါ်မိုင်ယောင် တို့မိသားစုအတွက် အနည်းငယ်ဖူလုံစေသော ငွေကြေးဖြစ်သည်။

ဆွေမျိုးမကင်းသူ ဘကြီးထန်ပြောင်ကလည်း တစ်ဖက်တစ်လမ်းမှ ကူညီသည်။ ဦးလေးဖြစ်သူ ကွီးနိုင်းကလည်း အားပေးသည်။

"ဟဲ့ မိုင်ယောင် နင်စပါးမစိုက်နိုင်လို့ ဝဋ္ဌစိုက်နေတယ်ကြားတယ်။ ဒီကပြန်ရင် ငါ့မှာ ဝဋ္ဌအပင်ပေါက်တွေရှိတယ် ဝင်ယူသွား"

(၃)

ရာသီစက်ဝန်း မရပ်မနားလည်ပတ်မှုနှင့်အတူ ဒေါ်မိုင်ယောင် ရုန်းကန်လှုပ်ရှားမှုကြောင့် သိသာစွာ အိုစာလာသည်။ ဖြူသော အသားအရည်က ညိုရင့်ရင့် အရောင်သို့ ပြောင်းလဲသွားသည်။ သားနှင့်သမီးများအတွက် နောက်ထပ်အိမ်ထောင်မပြုဘဲ နေထိုင်လာခဲ့သည်။

ငယ်စဉ်က စာမသင်ခဲ့ရပေမဲ့ သားသမီးများပညာတတ်ဖြစ်နေလျှင် သူ ဝမ်းသာသည်။ လုံချည်စိမ်းနှင့် အင်္ကျီဖြူဆရာမလေးများကိုမြင်ရလျှင် သူစိတ်ချမ်းသာသည်။ သားကြီး ထောင်ဇမ်နှင့် သမီးငယ်အားဆုန်တို့လည်း ကျောင်းဆရာ၊ ဆရာမတွေဖြစ်နေလျှင် မွေးရကျိုးနပ်ပြီဟု တွေးမိသည်။

ဘဝကဆင်းရဲပေမဲ့ သူလက်မလျှော့။ ပညာရေးနှင့်ပတ်သက်လျှင် ဒေါ်မိုင်ယောင် အမြဲအားပေးသည်။ ငယ်စဉ်က ဘဝအခြေအနေကြောင့် ကျောင်းမတက်ခဲ့ရသည်ကို ဝမ်းနည်းမိသည်။

"အဟွတ် အဟွတ်"

ညအမှောင်တွင် စာကျက်နေကြသောအသံများကြားမှ ပန်းနာရင်ကျပ်ဖြစ်နေသော ဒေါ်မိုင်ယောင်၏ အသံက ထွက်ပေါ်လာသည်။ တစ်ခါကလည်း သစ်ပင်ခုတ်ရင်း သစ်ကိုင်းပိ၍ ညာဘက်ခြေထောက်ကျိုးခဲ့၍ ဆေးအတော်ကုခဲ့ရသည်။ သည်လို ကျန်းမာရေးမကောင်းသည့်ကြားမှသည် တောင်ယာကို မြတ်နိုးဖက်တွယ်နေသည်။ ရွာမှာပြန်လာနေရန်ပြောပေမဲ့ သူမနေ။ သည်တောင်ယာမှာပဲ သူ့ဘဝ၏ ခင်ပွန်းဖြစ်သူ ကျားကိုက်ခံရကာ အသက်ပေးခဲ့ရသည် မဟုတ်လော။

ထောင်ဇမ်နှင့် အားဆုန်တို့ကလည်း လိမ္မာကြသည်။ ထောင်ဇမ်က အမေ့ကိုချစ်သည်။ ပေါ့ပေါ့ပါးပါးနှင့်ဖျတ်လတ်သည်။ ထောင်ဇမ်ပင် လူပျိုပေါက်အရွယ် ရှစ်တန်းသို့ရောက်ခဲ့ပေပြီ။

"အမေ တောင်ယာလုပ်ငန်းတွေ မလုပ်ပါနဲ့၊ နားပါတော့။ သား ဦးဆောင်ပြီး လုပ်နိုင်ပါတယ်။ သား ကျောင်းထွက်ပြီး လုပ်ပဲ့မယ်"

ထောင်ဇမ်၏စကားကို ဒေါ်မိုင်ယောင် ဆတ်ဆတ်နာသည်။ ထောင်ဇမ်ကို ပြန်ကြည့်သည့် ဒေါသဆူဝေနေသည့်မျက်လုံးများကို ထောင်ဇမ် တစ်ခါမျှမမြင်ဖူးခဲ့။

"ဒီမှာ ထောင်ဇမ်။ ငါတို့ ရွာအစွန်မှာမွေး၊ ကျောင်းနဲ့ဝေးလို့ စာမသင်နိုင်ခဲ့ဘူး။ နင်တို့ကို ကျောင်းထားတာ ပညာတတ်စေချင်လို့။ ငါတို့လို ပင်ပင်ပန်းပန်း မလုပ်စားစေချင်လို့ ကျောင်းထားတာ။ နောက်တစ်ခါ ကျောင်းထွက်ဖို့လာမပြောနဲ့။ ငါ နင်တို့ကိုလုပ်ကျွေးနိုင်တဲ့ အမေပါ"

(၄)

ကျောင်းပိတ်ရက် တနင်္ဂနွေနေ့တွင် ထောင်ဇမ်ကလေးမှ လိုအပ်သောပစ္စည်းများဝယ်ကာ ရွာသို့ အပြင်းမောင်းနှင်လာခဲ့သည်။ ပေါ်ဆန်းမွေးဆန်အိတ်ထဲ ဆေးများ၊ အိမ်သုံးပစ္စည်းများ ကြိုးချည်ထားသည်။

ကောင်းကင်ကိုကြည့်တော့ သာယာနေပေမဲ့ တိမ်မည်းတစ်အုပ်ကိုလည်း အဝေးမှမြင်ရသည်။ နေ့လယ်ချိန်ဖြစ်ပေမဲ့ သွားရမည့်၊ ပြန်ရမည့်ခရီးက အလွန်ဝေးနေသေးသည်။

"ရာသီဥတုကောင်းသလောက် ခပ်သုတ်သုတ် မောင်းရမှာပဲ"

သူ့စိတ်ထဲက အားပေးရင်းဖြင့် သိုင်းဝင်းလမ်းခွဆီ ရောက်လာသည်။ ပေ ၇၀၀၀ ကျော်မြင့်မားသော လေသာတောင်တန်းကြီးက သူ့ဘယ်ဘက်၊ ညာဘက်တွင် ရဲရဲနီပွင့်ဖူးနေသော တောင်ဇလပ်ပန်းပင်များက ဆီးကြိုနှုတ်ဆက်သယောင် ခံစားရသည်။ လေပြေဖျော့ဖျော့တိုက်နေပေမဲ့ အိမ်အပြန်မျှော်နေမည့် အမေ့ကို စိတ်ဝယ်သတိရနေသည်။

အဖေသေပြီးနောက်ပိုင်း အမေရုန်းကန်လှုပ်ရှားခဲ့ရသည်ကို သူရော၊ ညီမလေး အားဆုန်ရောသိသည်။ အခုတော့ သားကြီးဆိုတာက အဖအရာမှာ တာဝန်ရှိနေသည်။ ကျောင်းထွက်ပြီး အိမ်၏တာဝန်ကို တာဝန်ယူလိုပေမဲ့ အမေလက်မခံ။ ကျောင်းကို ဆက်တက်စေလိုခြင်းက အမေ့စေတနာဆိုတာ ကြာလာသည်နှင့် အမျှ သိလာကာ ပိုမိုလေးစားလာမိသည်။

ထော်လာဂျီကားကြီးများ၊ ကျောက်သယ်ကားများကိုဖြတ်ကျော်ကာ တီးတိန်မြို့ဘေး တွန်းဇန်သို့ သွားသော လမ်းခွဲရောက်လာသည်။ ခရီးက တစ်ဝက်မရှိသေး၊ ရေစပ်စပ်လမ်းများ၊ ကျောက်လမ်းများ အတိုင်းမောင်းလာသည်။ ညဉ့်နက်လွန်းမှ ရွာရောက်သည့်အဖြစ်ကို သူ မလိုလား။

ဆိုင်ကယ်ကိုအားနာပေမဲ့ ထောင်ဇမ်အတွက် အချိန်က အရေးကြီးသည်။ မမျှော်လင့်သော သဘာဝဘေးများက အချိန်မရွေး ကျရောက်နိုင်သည်။ ဆိုင်ကယ်ကလည်း သူ့ဆိုင်ကယ်မဟုတ်။ သူ့ဦးလေးကပ်ထောင်းထံမှ ငှားလာခဲ့ခြင်းဖြစ်သည်။

ရွာသို့ရောက်ရန် နောက်ထပ် နှစ်နာရီမောင်းရန်သာ ကျန်တော့သည်။ ထောင်ဇမ်ပင်ပန်းနေပေမဲ့ အမေ့ကိုသတိရကာ ရွာကိုအရောက်သွားရန် ဆက်ထွက်လာခဲ့သည်။ ကြယ်ရောင်ပျောက်သောလမိုက်ညမို့ တောင်ပေါ်လမ်းမှာ သူ့ဆိုင်ကယ်တစ်စီးတည်းသာရှိသည်။

စာမျက်နှာ ၂၅ သို့ ➤

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၀၀၀ စိုက်ပျိုးမည်

ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

ချောင်းဦး ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၀၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၀၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ဧရိုင်လပထမပတ်မှစတင်၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ စပါးဧက ၁၅၀၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးပါမယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်အလိုက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် စျေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်စျေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

➢ စာမျက်နှာ ၂၄ မှအဆက်

မကြာမီ လေအေးများတိုက်ကာ ခန္ဓာကိုယ်အေးစိမ့်လာသည်။ အအေးဓာတ်ကြောင့် ဖျားချင်သလိုခံစားရပေမဲ့ အားတင်းမောင်းနေရသည်။

ကောင်းကင်ကိုကြည့်လိုက်တော့ တိမ်မည်းညိုများ စုဖွဲ့နေပေပြီ။ မကြာမီမိုးရွာလျှင် ရွာနှင့် လေးဖာလုံခန့်အကွာတွင် တောင်ပြိုလေ့ရှိသည်။ တောင်ပြိုလျှင် အိပ်စရာနေရာမရှိဘဲ အခက်အခဲတွေ့နိုင်သည်။ ထောင်ဇမ်တစ်ယောက် ကလေးမြို့က ပြန်လာကတည်းက ခရီးလမ်းက ချောမွေ့နေဆဲ။

သို့ပေမဲ့ မမျှော်လင့်ဘဲ အခက်အခဲများကြုံတတ်သည်ကို သူသိပြီးဖြစ်သည်။ ညအမှောင်က ပို၍သိပ်သည်းလာသည်။ တိတ်ဆိတ်နေသောညတွင် ထောင်ဇမ်၏ဆိုင်ကယ်စက်သံသာ အမှောင်ထုကို မင်းမူနေသည်။ အိပ်ချင်လာပေမဲ့ အားတင်းကာ မောင်းနှင်နေရဆဲဖြစ်သည်။ ဝမ်းကလည်း အသံပေးကာ ဆာလောင်မှုကို အချက်ပေးနေသည်။

ချင်းပြည်နယ်တွင် ကွန်ကရစ်လမ်းက ကတ္တရာလမ်းထက် ပိုအသုံးဝင်သည်။ မြေနီလမ်းက ပို၍များသည်။ ကွန်ကရစ်လမ်းဖောက်လုပ်ပေးသော်လည်း မြေပြိုမှုကလည်း လမ်းပိတ်ဆို့စေသည်။

ရှေ့တူရှုကြည့်လိုက်တော့ ဆိုင်ကယ်ပြင်နေသည့် လူနှစ်ယောက်၊ လူတွေ့၍အားတက်သွား၏။ အနီးကပ်မီးထိုးကြည့်လိုက်ရာ သူတို့ရွာသားများဖြစ်သည့် မောင်းမာန်နှင့် ဗျက်ထန်းတို့ကို တွေ့လိုက်ရသည်။ သူတို့ကလည်း ရုတ်တရက်တွေ့ရ၍ အံ့အားသင့်နေသည်။

"ဘာဖြစ်တာလဲဟာ"

"ဆိုင်ကယ်ဘီးပေါက်သွားတာ ပြီးတော့မယ်"

မောင်းမာန်က ဘီးကိုဖာပြီး ပြန်တပ်နေသည်။

ထောင်ဇမ်တစ်ယောက် ဝယ်လာသည့်မုန့်ကို အတူမျှစားသည်။ အေးမြသောမိုးစက်များက ခန္ဓာကိုယ်ပေါ်သို့ ထိမှန်လာသည်။ မိုးခြိမ်းသံနှင့်အတူ လျှပ်ပန်းလျှပ်နွယ်များကလည်း ကောင်းကင်တွင် ပြိုးပြက်လှပနေသည်။ ကောင်းကင်ကိုမော့ကြည့်လိုက်သည့်အခါ မိုးသည်းမည့်ပုံကို မြင်နေရပေပြီ။

"မိုးများမဲ့ပုံပဲ အမြန်သွားရအောင်"

ထောင်ဇမ်က သတိပေးလိုက်သလို မောင်းမာန်ကလည်း ဆိုင်ကယ်ကို အမြန်ဆုံးပြီးရန် ကြိုးစားနေသည်။

"ပြီးပြီ"

မောင်းမာန်က အားရဝမ်းသာဖြင့် ထွက်ခွာရန် စက်နှိုးနေသည်။

"တောင်မပြိုခင် အမြန်မောင်းမှ"

ဗျက်ထန်းကသတိပေးသလို ထောင်ဇမ်က ရှေ့မောင်းမာန်ကနောက်အတူမောင်းနှင်လာသည်။ မိုးသည်းမိုးပေါက်များက ကျောပြင်ကို တုတ်နှင့်ရိုက်သလို တဖြန်းဖြန်းမြည်နေသည်။ လေတိုက်သံကလည်း ကြောက်မက်ဖွယ်ဖြစ်သည်။ သည်လိုအခြေအနေများကား ထောင်ဇမ်တို့ တောင်ပေါ်သားများအတွက် တွေ့ကြုံနေကျဖြစ်သည်။

မြေပြိုတတ်သည့်တောင်အနီးသို့ ရောက်နေသလို တောင်ကျရေများကလည်း တဝေါဝေါနှင့် ထောင်ဇမ်တို့အတွက် ဆိုင်ကယ်မမှောက်သွားအောင် ထိန်းမောင်းရသည်မှာ ပင်ပန်းလှသည်။ သစ်ပင်လဲကျသံကို စကြားနေရသည်။

"မြေပြိုတော့မယ်။ အမြန်ဖြတ်ပေ့"

ထောင်ဇမ်ကအော်ကာ အမြန်ဖြတ်မောင်းသလို မောင်းမာန်ဆိုင်ကယ်ကလည်း ကပ်၍ပါလာသည်။ သစ်ပင်များလဲကျသံနှင့်အတူ ကျယ်လောင်သောမြေပြိုသံကြားလိုက်ရသည်။

"ဝေး ဟေး ဟေး"

ထောင်ဇမ်နှင့်မောင်းမာန်တို့ အားရဝမ်းသာအော်ကြသည်။ မြေပြိုသည့်ဘေးမှ ပွတ်ကာသီကာ လွတ်မြောက်သွားကြသောကြောင့်ဖြစ်သည်။ မိုးသီးမိုးပေါက်များနှင့် မိုးသည်းလှသည်။ မီးရောင်ပင် မမြင်ရသောရွာလေးက အမှောင်ထုအောက်တွင် အိပ်မောကျနေသည်။

"မန်းထာ"

ချင်းလို အိပ်မက်လှလှနှင့် အိပ်စက်နိုင်ပါစေဟု နှုတ်ဆက်ပြီး မောင်းမာန်နှင့်ဗျက်ထန်းက ရွာအဝင်တွင် ကျန်ခဲ့ကြသည်။ ထောင်ဇမ်ကတော့ ရွာလမ်းကိုပတ်၍ ရွာအစွန်တောင်ယာတဲရှိရာသို့ ဆက်၍မောင်းနှင်နေသည်။ မိုးကသည်းထန်စွာရွာသလောက် မိုးခြိမ်းသံများကလည်း ကြောက်မက်ဖွယ်ရာပင်ဖြစ်သည်။ အိမ်ပြန်ရောက်ရန် လက်တစ်ကမ်းအလို နီးနေပေပြီ။

တောင်ကုန်းပေါ်ဆိုင်ကယ်ကို ဂီယာကြီးထိုးပြီး တောင်ပတ်လမ်းကို အရှိန်မြှင့် မောင်းတက်လိုက်သည်။ သို့သော် ရွှံ့ရေများဖြင့်ချောနေ၍ ဆိုင်ကယ်က ဗွက်ထဲလည်ကာ ကုန်းပေါ်တက်လာသည်။

နောက်ဆုံးအကွေ့ရောက်ချိန်တွင် ဆိုင်ကယ်စက်က တုံ့ကနဲ ထိုးရပ်သွားသည်။

"ဟာ ရောက်ခါနီးမှကွာ"

ထောင်ဇမ်တစ်ယောက် စိတ်ပျက်ညည်းတွားမိသည်။

"ဟာ အဲ အဲ"

ဆိုင်ကယ်က ဆီကုန်ထိုးရပ်သွားပြီး တောင်အောက်သို့ နောက်ပြန်လိမ့်ဆင်းမည့်အနေအထားမို့ ထောင်ဇမ် ဆိုင်ကယ်ကိုထိန်းကာ တောင်ပေါ်သို့တွန်းလာသည်။ လူက ပင်ပန်း၊ မောကမောနှင့် ခြေလက်ပင်မသယ်ချင်သည့်အပြင် အတိုးချကာ ရွာချနေသောမိုးရေများကြောင့် ပို၍နုံးချည့်နေသည်။ တောင်ကျရေများကိုဆန်ကာ တောင်ပေါ်သို့တွန်းရ၍ ပင်ပန်းနွမ်းလျနေပေပြီ။ တဲလေးသို့ရောက်လာသည်။

မိုးသံကြားမှ အမေကြားစေရန် တောင်ယာတဲအနီးတွင် အားကုန်အော်လိုက်သည်။

"အမေ သားပြန်ရောက်ပြီ"

မကြာမီတဲအတွင်းမှ အမျိုးသမီးတစ်ဦးက အသံကြား၍ ထွက်ကြည့်သည်။ လျှပ်ပန်းလျှပ်နွယ်အလင်းရောင်များကြား ထောင်ဇမ်ကို တွေ့လိုက်သလို ပါးစပ်မှလည်း ရေရွတ်လိုက်မိသည်။

"သား"

ထောင်ဇမ်က မိုးရေသံများကြောင့်မကြား။ ဆိုင်ကယ်ကို တဲထဲထိုးဝင်လိုက်သည်။

"အမေမှာတဲ့ပစ္စည်းတွေ သားအကုန်ဝယ်လာတယ်အမေ"

လဲမကျရုံတမယ် ဒယိမ်းဒယိုင်ဖြင့် မီးဖိုထားသောတဲအတွင်းသို့ အားကုန်ခန်းကာ ဒယိမ်းဒယိုင်ဖြင့် ထောင်ဇမ် လျှောက်သွားသည်။

မြူခိုးဝေနေသော တောင်တန်းများဆီမှ တိမ်စိုင်တိမ်ခဲများ အိပ်ပျော်ကျလာသည်ထင်မှတ်ရလောက်အောင်ပင် သဲကြီးမဲကြီး မိုးများရွာနေဆဲ။ တဲအတွင်းမီးလှုံနေသော ထောင်ဇမ်ကား ညက နက်ရှိုင်းစွာပိုမှောင်သွားသည်ဟု ထင်မှတ်မိသည်။

ဇွဲလုံ့လမာန် စိုက်ထူကြံ

- ဇွဲမာန်ကို ရင်မှာမွေး
  အောင်မြင်ရေး ကြိုးစားပါ၊
  လုံ့လထူ ဉာဏ်ကူလျက်
  ဆောင်ရွက်သူငါ၊
  ပျင်းရိစိတ် အဝေးခွာ
  အတွေးမှာ ဖြူသန့်ရှင်း၊
  ပြောင်မြောက်ဖွယ် သတ္တိခဲလို့
  ရဲရင့်စေမင်း။

- လောကဓံ ရင်ဆိုင်ရင်း
  အားမာန်တင်း ထာဝစဉ်၊
  အခက်ခဲတွေကို ဘယ်မမှု
  အန်တုကာပင်၊
  ဆိုးကောင်းသိ ဉာဏ်ကိုယှဉ်
  အမှန်ကိုမြင် ရှေ့ဆက်သွား၊
  အဖိုးတန် လူသားအဖြစ်ကို
  ထုဆစ်လှုပ်ရှား။

- စိတ်သန္တာန်မှာ တန်ခိုးထွား
  နိုးကြားစို့ တို့တစ်တွေ၊
  တကယ်ဖြစ်ချင် တကယ်လုပ်
  အဟုတ်ဖြစ်ပေ၊
  တန်ဖိုးရှိ လူသားအခြေ
  ဖြစ်ဖို့လေ ရည်မျှော်မနှေး၊
  ယုံကြည်ရာ ပန်းတိုင်ရောက်လို့
  ထွန်းတောက်စေလေး။ ။

ရဲသွေးနီ(တက်ဝန်)

ဧီးကုန်းမြို့နယ် ချောင်းသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဧီးကုန်း ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧီးကုန်းမြို့နယ် ချောင်းသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုးနှင့် ဧီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ချောင်းသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ငွေစာရင်းပုံစံများဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါချောင်းသာယာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၄၂ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၆ ဒသမ ၉၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

အေးမြတ်

တရားရုံးအမိန့်ကို ဌာနဆိုင်ရာများက လိုက်နာကြရန်လိုအပ်မှု

စိန်လှိုင်ဇိုလ်

လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်သည် မိမိတွင်အာဏာမရှိဘဲ အမိန့်တစ်ရပ်ချမှတ်ခဲ့ဖူးသည်။ ထိုအမိန့်သည် မှားယွင်းချွတ်ချော်၍ တရားရေးမဏ္ဍိုင်ကို ယိမ်းယိုင်စေခြင်းကြောင့်လည်းကောင်း၊ လက်ထောက်မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်၏ ဆောင်ရွက်မှုမှာ တရားစီရင်ရေးကဲ့သို့ အကျိုးသက်ရောက်သော လုပ်ဆောင်မှုမျိုးကို မှားယွင်းလုပ်ဆောင်ခဲ့ခြင်းကြောင့် နိုင်ငံတော်တရားရုံးချုပ်က အမှုခေါ်စာရွှန်တော်အမိန့်ဖြင့် ပယ်ဖျက်ခဲ့ရသော အမှုတစ်ခုရှိခဲ့ဖူးပါသည်။ စီရင်ထုံးလည်းထွက်ခဲ့ပါသည်။ ထိုအမှုကို အကြောင်းပြု၍ အများပြည်သူဥပဒေဗဟုသုတအလို့ငှာ ရေးသားတင်ပြပါဦးမည်။

အမှုဖြစ်စဉ်အကျဉ်း

မောင်လှမြင့် ခေါ် မောင်လှမြိုင်သည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်၊ သာဓုလမ်း၊ အမှတ်(၇) ကို ပိုင်ဆိုင်သူဖြစ်သည်။ မောင်လှမြင့်က ၎င်း၏ အဒေါ်တော်သူနှင့် ခင်ပွန်းဦးလှတင်တို့ကို ထိုအိမ်ပေါ်တွင် အိမ်လခမဲ့ နေထိုင်ခွင့်ပြုထားခဲ့သည်။ ဦးလှတင်နှင့် ဒေါ်မီတို့က မောင်သိန်းအောင်ဆိုသူကို အိမ်ရှင် မောင်လှမြင့်၏ ခွင့်ပြုချက်မရှိဘဲ အထက်ပါ နေအိမ်ကို ၄ားရမ်းခဲ့သည်။

မောင်လှမြင့်က ဦးလှတင်၊ ဒေါ်မီနှင့် မောင်သိန်းအောင်တို့အပေါ် အိမ်မှထွက်ခွာသွားစေလိုမှုဖြင့် ရန်ကုန်မြို့ တရားမ တရားသူကြီးရုံးတွင် အမှုစွဲဆိုရာ စတုတ္ထတရားမ တရားသူကြီးက ထိုအချင်းဖြစ်အိမ်သည် မောင်လှမြင့်အိမ်ဖြစ်၍ ဦးလှတင်၊ ဒေါ်မီတို့ ပိုင်ဆိုင်သောအိမ်မဟုတ်၊ မောင်သိန်းအောင်သို့ တစ်ဆင့်၄ားရမ်းရန် အခွင့်အာဏာမရှိ၊ မောင်သိန်းအောင်သည် အိမ်၄ားအခြေအနေမျိုးမဟုတ်ဘဲ ကျူးကျော်သူတစ်ဦးအနေသာဖြစ်သည်ဟု ယူဆပြီး လျှင် မောင်လှမြင့်စွဲဆိုသည့်အတိုင်း အမိန့်နှင့် ဒီကရီကို ချမှတ်ခဲ့ပါသည်။

ဦးလှတင်၊ ဒေါ်မီနှင့် မောင်သိန်းအောင်တို့က မကျေနပ်သဖြင့် နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ရာ တရားရုံးချုပ်၏ ၁၉၆၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ်-(၂၀)တွင် ၎င်းတို့၏အယူခံကို ပလပ်လိုက်ပြီး အောက်ရုံးအမိန့်ကို အတည်ပြုလိုက်ပါသည်။ အချင်းဖြစ်အိမ်တွင် ဦးလှတင်နှင့် ဒေါ်မီတို့ မနေကြတော့သော်လည်း မောင်သိန်းအောင်မှာ တရားရုံးအမိန့် ချမှတ်ပြီးသည့်နောက်မှာပင် ဆက်လက်၍နေထိုင်ခဲ့သည်။

အိမ်ရှင်မောင်လှမြင့်က အချင်းဖြစ်အိမ်မှာ ပျက်စီးယိုယွင်းနေသဖြင့် ပြင်ဆင်ရန် ရန်ကုန်မြို့နီ စီပယ်အဖွဲ့တွင် ခွင့်တောင်းရာ ခွင့်ပြုချက်ရရှိသဖြင့် ထိုအိမ်ကိုဖျက်၍ ပြင်ဆင်ရန် အိမ်ပေါ်တွင် ဆက်လက်နေထိုင်လျက်ရှိသော မောင်သိန်းအောင်ကိုဖယ်ပေးရန် ပြောသော်လည်း ဖယ်မပေးခဲ့ပါ။

ဖယ်မပေးသည့်အပြင် မောင်သိန်းအောင်က အိမ်၄ားတစ်ဦးအနေဖြင့် လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်ထံသို့ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၁၁ အရ ထိုအချင်းဖြစ်အိမ်ကို မိုးလုံလေလုံဖြစ်ရန် အိမ်ရှင်ကပြုလုပ်ပေးရန် မပြုလုပ်ပေးပါက ထိုအိမ်ကို မိုးခွင့်ပေးရန်လျှောက်ထားရာ လက်ထောက်မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်သည် အမှုတွဲဖွင့်လှစ်ခဲ့သည်။

အမှုသည်များကိုစစ်ဆေးပြီး အချင်းဖြစ်အိမ်ကို သွားရောက်ကြည့်ရှုသည်။ **အိမ်ပိုင်ရှင် မောင်လှမြင့်က လက်ထောက်မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်ကို အချင်းဖြစ်အိမ်သည် မိမိအိမ်ဖြစ်ကြောင်း၊ မောင်သိန်းအောင်မှာ အိမ်၄ားတစ်ဦးမဟုတ်ဘဲ ကျူးကျော်နေသူတစ်ဦးသာဖြစ်ကြောင်း** တရားရုံးတော်များက ချမှတ်ထားသောအမိန့်ကို တင်ပြသည်။ လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်သည် အိမ်ရှင်မောင်လှမြင့်ကို မိုးခွင့်ပေးရန်လျှောက်ထားရာ လက်ထောက်မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်ကတော့ မောင်သိန်းအောင်သည် အိမ်၄ားမဟုတ်ကြောင်း ခိုင်လုံအောင်တင်ပြထားသော အထောက်အထားကို အိမ်ရှင်မောင်လှမြင့်က မပြနိုင်ဟုဆိုကာ မောင်သိန်းအောင်ကို အိမ်၄ားဟု အသိအမှတ်ပြုပြီး အိမ်မိုးရန်ကိစ္စ၌ အိမ်ရှင်ကတာဝန်ယူ၍ မိုးရန်၊ အိမ်ရှင်က မမိုးပါက အိမ်၄ားမောင်သိန်းအောင်က မိုး၍ ကုန်ကျသောစရိတ်ကို အိမ်လခမှခုနှိမ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို အိမ်ရှင်မောင်လှမြင့်က မကျေနပ်သဖြင့် တရားရုံးချုပ်သို့ **အမှုခေါ်စာရွှန်တော်ဖြင့် ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ခြင်း**ဖြစ်ပါသည်။

တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

လျှောက်ထားသူ အိမ်ရှင်မောင်လှမြင့်၏ ရှေ့နေကြီးက အချင်းဖြစ်အိမ်မှာ မောင်လှမြင့်အိမ်ဖြစ်ပြီး မောင်သိန်းအောင်ကို မည်သည့်အခါကမျှ အိမ်မ၄ားဖူးကြောင်း၊ တရားရုံးများ၌လည်း မောင်လှမြင့်၊ ဦးလှတင်၊ ဒေါ်မီနှင့်မောင်သိန်းအောင်တို့အမှုဖြစ်ခဲ့ရာ တရားရုံးတော်များကလည်း ဦးလှတင်၊ ဒေါ်မီတို့သည် အချင်းဖြစ်အိမ်ကို ပိုင်ဆိုင်သူများမဟုတ်။ အိမ်ပိုင်ရှင် မောင်လှမြင့်၏ နေထိုင်ခွင့်နှင့်သာ နေကြသူများဖြစ်ကြောင်း၊ မောင်သိန်းအောင်သည် မောင်လှမြင့်၏ အိမ်၄ားမဟုတ် ကျူးကျော်သူသာဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း အမိန့်ချမှတ်ပြီးဖြစ်ကြောင်း လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်ထံ၌လည်း တရားရုံးများ၏အမိန့်များကို တင်ပြပြီးဖြစ်ကြောင်း၊ ၎င်းသို့ တင်ပြသော်ငြားလည်း တရားရုံးများ၏ အမိန့်ကို ဂရုမမူအလေးမပေးဘဲ မောင်သိန်းအောင်ကို အိမ်၄ားဟု အသိအမှတ်ပြုပြီး အိမ်မိုးခွင့်ပေးခဲ့သည်မှာ **မရှိသောအာဏာကို အသုံးပြု၍ အမိန့်ချမှတ်ခြင်းမှာ တရားရုံးတော်များက ချမှတ်သော အမိန့်များကို ဆန့်ကျင်နေကြောင်း** တင်ပြခဲ့ပါသည်။

နိုင်ငံတော်တရားရုံးချုပ်က အမှုကို အသေးစိတ်စိစစ်သုံးသပ်ခဲ့သည်။ အချင်းဖြစ်အိမ်မှာ မောင်လှမြင့် ခေါ် မောင်လှမြိုင်အိမ်ဖြစ်ကြောင်း တရားရုံးများ၏ အမိန့်များအရ ထင်ရှားသည်။ ဦးလှတင်၊ ဒေါ်မီတို့မှာ ထိုအိမ်ပေါ်တွင် မောင်လှမြင့်၏အခွင့်နှင့် နေထိုင်ကြသူများဖြစ်ကြသည်။ ၎င်းတို့ထံမှ အိမ်လခမယူ ဦးလှတင်၊ ဒေါ်မီတို့က လျှောက်ထားခံရသူ မောင်သိန်းအောင်ကို အိမ်ပေါ်တင်ထားသည်။ ထိုသို့ တင်ထားခြင်းမှာ အိမ်၄ားအဖြစ်ဖြစ်စေ အလွတ်အခမဲ့နေထိုင်သူအနေဖြင့်ဖြစ်စေ နေထိုင်ခြင်းမှာ မောင်လှမြင့်၏ ခွင့်ပြုချက်မရကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

ထို့ကြောင့်ပင်လျှင် မူလတရားရုံးနှင့် အယူခံရုံးတို့က လျှောက်ထားခံရသူ မောင်သိန်းအောင်ကို အိမ်၄ားတစ်ဦးအနေဖြင့် မသတ်မှတ်ဘဲ ကျူးကျော်သူတစ်ဦးအနေဖြင့်သာ သတ်မှတ်ခြင်းဖြစ်ကြောင်း၊ **မောင်သိန်းအောင်သည် လက်ထောက်မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်ထံတွင် အိမ်မိုးခွင့်ပြုရန် လျှောက်ထားရာ၌ သက်ဆိုင်သောအမှုတွဲကို ဖွင့်လှစ်ပြီး စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် မောင်လှမြင့် တင်ပြသော တရားရုံးများ၏ အမိန့်များကို မလိုက်နာဘဲ ဆန့်ကျင်၍ မောင်သိန်းအောင်သည် မောင်လှမြင့်၏ အိမ်၄ားတစ်ဦးပင်ဖြစ်သည်ဟု ယူဆခြင်းမှာ မှားယွင်းကြောင်း** တရားရုံးချုပ်က စိစစ်သုံးသပ်ဝေဖန်ခဲ့ပါသည်။

မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ-၁၁ အရဆိုလျှင် အိမ်ရှင်နှင့် အိမ်၄ားကိုသာ ရည်ညွှန်းထားသည်။ တရားရုံးများက မောင်သိန်းအောင်သည် အိမ်၄ားမဟုတ်ဟု အဆုံးအဖြတ်ပေးထားပြီးဖြစ်သဖြင့် ထိုပုဒ်မ-၁၁ အရ လက်ထောက်မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်သည် ထိုသို့ မဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ မဆောင်ရွက်နိုင်ဘဲ အမိန့်ချမှတ်ခြင်းမှာ **မိမိတွင် အာဏာမရှိဘဲနှင့် ချမှတ်သောအမိန့်ဖြစ်သဖြင့် ထိုအမိန့်မှာ မှားယွင်းချွတ်ချော်၍ တရားရေးမဏ္ဍိုင်ကို ယိမ်းယိုင်စေကြောင်း** တရားရုံးချုပ်က စိစစ်ဝေဖန် သုံးသပ်ခဲ့ပါသည်။

လျှောက်ထားခံရသူသည် အိမ်၄ားမဟုတ်၊ ကျူးကျော်သူဖြစ်ကြောင်း တရားရုံးအဆင့်ဆင့်က ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့ စစ်ဆေးဆုံးဖြတ်နေသည့် ၁၉၆၂ ခုနှစ်မှ ယနေ့ထိကာလအတွင်း၌ ကျူးကျော်သူတို့သည် အိမ်၌ အခမဲ့နေခဲ့ကြပြီးဖြစ်ပါသည်။ အိမ်၄ားကကြီးကြပ်ရေးဝန်၏ အမိန့်ကို အိမ်ရှင် မောင်လှမြင့်က ပြင်ဆင်ပေးရန် တရားရုံးချုပ်သို့ လာရောက်လျှောက်ထားရသည်မှာလည်း လျှောက်ထားခံရသူတို့သည် အိမ်၄ားများ မဟုတ်ကြပါဟူသောအချက်ကို ထပ်မံထင်ရှားစေရန် ဖြစ်ဟန်တူကြောင်း တရားရုံးချုပ်က ဝေဖန်စိစစ်ခဲ့ပါသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်၏ ပြုမူချက်မှာ အုပ်ချုပ်ရေးသဘောတရားအရသာလျှင်ဖြစ်ပြီး ၎င်းကဲ့သို့ အုပ်ချုပ်ရေးသဘောအရပြုလုပ်ခြင်းကို အမှုခေါ်စာရွှန်တော်အမိန့်ဖြင့် ပယ်ဖျက်ပေးပါရန် တရားရုံးချုပ်သို့ လျှောက်ထားခွင့်မရှိပါဟု တင်ပြခဲ့သည်။ ထိုအချက်ကို ကျွန်ုပ်တို့ သဘောမတူနိုင်ပါ။ အဘယ်ကြောင့်ဆိုသော လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်၏ ဆောင်ရွက်မှုမှာ တရားစီရင်ရေးကဲ့သို့ အကျိုးသက်ရောက်သော လုပ်ဆောင်မှုများဖြစ်ကြောင်း **မစ(စ်) ဒီအမ်ဆင်းဂါးနှင့် မြို့ပြဆိုင်ရာ၄ားရမ်းခကြီးကြပ်ရေးဝန်ပါ ၃၊ ၁၉၄၉ ခုနှစ်၊ မတစ တရားလွှတ်တော်ချုပ် စာ-၁၄၃ နှင့် တိုင်ချူးဂန်ကုမ္ပဏီနှင့် ချန်ဆိုင်းချောင်း ၁၉၄၃ ခုနှစ်၊ မတစ တရားလွှတ်တော်ချုပ် စာ-၈၆ အမှုနှင့် ဦးထွေး (ခ) အေအီးမဒါရီးနှင့် ဦးထွန်းအုံ ပါ ၂၊ ၁၉၄၈ ခုနှစ်၊ မတစ တရားလွှတ်တော်ချုပ်စာ-၅၄၁** အမှုများတွင် ဆုံးဖြတ်ထားကြောင်း တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအချက်တို့အရ ရန်ကုန်မြို့လက်ထောက်မြို့ပြဆိုင်ရာ ၄ားရမ်းခကြီးကြပ်ရေးဝန်၏ ၁၉၆၅ ခုနှစ်၊ အမှုတွဲအမှတ် (၂၆၂-အေ)တွင် ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့စွဲပါ ချမှတ်သောအမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်ကြောင်း တရားရုံးချုပ်က အမိန့်ချမှတ်လိုက်ပါသည်။

ဌာနဆိုင်ရာတချို့အနေဖြင့် တရားရုံး အဆင့်ဆင့်၏အမိန့်ကိုလိုက်နာရန် ပျက်ကွက်သဖြင့် တရားရုံးချုပ်က စာရွှန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်ရသော **မောင်လှမြင့် ခေါ် မောင်လှမြိုင်နှင့် မောင်သိန်းအောင် ပါ ၂၊ ၁၉၆၆ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ်-(၂၈)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တာနှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၃၄၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

စစ်ကိုင်း ဇွန် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၃၄၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၉၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၃ ဒသမ ၃၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ စပါး ၁၉၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၁၃၄၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေး တာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)

မော်လမြိုင်ကျွန်းမြို့နယ် ငှက်ဥကွင်းကျေးရွာ၌ VDPစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

မော်လမြိုင်ကျွန်း ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငှက်ဥကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငှက်ဥကွင်းကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ် ၁၈ ဒသမ ၅ သန်းဖြင့် ကျေးရွာ၏အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေး စီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်ထံမှ သိရသည်။

တေဇလင်း

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးဖယ်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇွန် ၁၀

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းငါးဖယ်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို စနစ်တကျ သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဧပြီလအတွင်းက ငါးဖယ်ပိသာချိန် ၄၄၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငါးဖယ်ပိသာ

ချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မေလအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်ပိသာချိန် ၇၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အခုဇွန်လထဲမှာပါ ငါးဖယ်တွေ မှာယူမှုအားကောင်းနေပါတယ်။ အခုလို ငါးတွေ ကုန်ချိန်များများ တင်ပို့လာရတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးဖယ် တစ်ပိသာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

ငဖဲမြို့နယ် အိုးမြေတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ငဖဲ ဇွန် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အိုးမြေတွင်းကျေးရွာ၌ ၁၁ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာနွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာနွယ်နှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုးမြေတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၀၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၃၄၄ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

ညောင်လေးပင်မြို့နယ် သရက်ကုန်းကျေးရွာ၌ ကျေးရွာတွင်းဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ညောင်လေးပင် ဇွန် ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်ကုန်းကျေးရွာ၌ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သရက်ကုန်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံကာ လမ်းရေရှည် တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

သရက်ကုန်းကျေးရွာ၌ လမ်းအရှည် ၁၁၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈၆ သိန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

ကမ္ဘာမြေစိမ်းလန်းစေဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

စိန်ဌေးလှိုင်(ပခုက္ကူ)

သက်ရှိသတ္တဝါမှန်သမျှသည် သစ်ပင်သစ်တောကို အမှီပြုကာ ရှင်သန်ရပ်တည်ကြရသည်။ ဥတုရာသီတောကိုမှီ ဆိုသည့်စကားအတိုင်း သစ်ပင်တောတောင်တို့သည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းကျောင်းပေးနေသည်။ တောင်ကုန်းတောင်တန်းများတွင် သစ်တောရှိလျှင် မိုးပိုမိုရွာသွန်းနိုင်သည်။ အကြောင်းရင်းမှာ သစ်တောပေါ်တွင်ရှိသော လေသည် အေးမြနေ၏။ ရေခိုးရေငွေ့သည် လေအေးနှင့် တွေ့ထိသောအခါတွင် မိုးအဖြစ် ရွာသွန်းသည်။ သစ်တောနှင့် မြေဆီလွှာတို့သည် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုနေကြ၏။ သစ်ပင်များအတွက် အစာအာဟာရကို မြေဆီလွှာမှရရှိသည်။ လေ၊ မိုးနှင့် ရေစီးကြောင်းတို့သည် မြေဆီလွှာတို့ကို တိုက်စားကြသည်။သစ်ပင်တောတောင်တို့သည် မြေဆီလွှာတိုက်စားမှုကို အကာအကွယ်ပေး၏။ ထို့ပြင် သစ်တောတို့သည် သားငှက်တိရစ္ဆာန်များအတွက် ကွန်းခိုရာနေရာ ဖြစ်ပြီး လူသားတို့၏စိတ်ကို ကြည်လင်လန်းဆန်းစေသည်။ မြို့ကြီးများရှိ တိုက်တာအဆောက်အအုံများမှအစ ကျေးရွာဇနပုဒ်ရှိ တဲကုပ်များတိုင်အောင် သစ်တောထွက်ပစ္စည်းဖြစ်သည့် သစ်၊ ဝါးတို့ဖြင့် မပါမဖြစ် ဆောက်လုပ်ကြရသည်။ လူသားတို့စားသောက်သည့် အစာအာဟာရနှင့် ဆေးဝါးများတွင် သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ သစ်ရွက်၊ သစ်မြစ်နှင့်နွယ်ပင်များပါဝင်ကြသည်။ သစ်စေး၊ သစ်ဆီ၊ အရောင်တင်ဆီနှင့် သစ်ကော်စေးစသည့်တို့သည် သစ်တောထွက်ပစ္စည်းများဖြစ်ကြသည်။ လူနှင့် တိရစ္ဆာန်တို့သည် အသက်ရှင်ရန်အတွက် သဘာဝလေထုထဲမှ အောက်ဆီဂျင်ဓာတ်ကို ရှူသွင်း၍ ကာဗွန်ဒိုင်အောက်ဆိုက်ကို ပြန်ထုတ်ပေးသည်။ သစ်ပင်များကမူ ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူ၍ အောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့်ပင် သစ်ပင်များသည် လူသားတို့အတွက် မည်မျှအရေးပါသည်ကို သိရှိရသည်။

သစ်ပင်မရှိသောအရပ်ဒေသသည် ကန္တာရအတိဖြစ်လိမ့်မည်။ လူသားတို့သည် သစ်ပင်နှင့် သစ်တောထွက်ပစ္စည်းများကို အလွန်အကျွံထုတ်လုပ်သုံးစွဲလျှင်သစ်ပင်များပြုန်းတီးကာ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည်။ မြစ်ချောင်းတို့ ခမ်းခြောက်စေမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ပုပ္ပားတောင်ပတ်ဝန်းကျင်တွင် ရှေးက စမ်းရေပေါက် ၃၀ ရှိခဲ့သော်လည်း တောင်စွယ်မှသစ်ပင်များကို ခုတ်ထွင်ကြသဖြင့် ယခုအခါ ကိုးခုသာရှိနေခြင်းက သာဓကအဖြစ်ပြနေပါသည်။ အချို့လူတို့သည် တောင်ယာလုပ်ကိုင်ရန် သစ်ပင်များကို စည်းကမ်းမဲ့စွာ ခုတ်ထွင်ကြသည်။ ထိုအခါ သစ်တောများလျော့နည်းကာ မြေဧကပေါင်းများစွာသည် စိုက်ပျိုး၍ မရသော မြေပျက်များအဖြစ် ပြောင်းလဲလာ၏။ ကမ္ဘာ့သစ်တောများတွင် တောမီးလောင်သဖြင့် သစ်ပင်များပြုန်းတီးလာကာ လွင်တီးခေါင်ပြင်ဖြစ်လာပြီး ကမ္ဘာကြီးသည်လည်း ပိုမိုပူနွေးလာ၏။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကမ္ဘာ့ ရေနွေးနှင့် ရေအေးစီးကြောင်းတို့ပြောင်းလဲလာကာ သမုဒ္ဒရာ ရေစီးကြောင်းသည်လည်း ပြောင်းလဲလာ၏။ သမုဒ္ဒရာ ရေစီးကြောင်းပြောင်းလျှင် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာကာမြစ်ရေကြီးခြင်းနှင့် ပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်မှုများကို ဖြစ်ပေါ်စေသည်။ ကမ္ဘာ့နေရာအနှံ့အပြားတွင် အပူချိန်မြင့်မားခြင်း၊ နှင်းမုန်တိုင်းနှင့် သဲမုန်တိုင်းတိုက်ခတ်ခြင်း၊ နှင်းပျောက်သော ဆောင်းရာသီဖြစ်ပေါ်ခြင်းစသည့် ရာသီဥတုဆိုးဝါးမှုဒဏ်ကိုလည်းခံစားကြရသည်။ နောက်ဆက်တွဲအဖြစ် မြေငလျင်လှုပ်ခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးဒဏ်များခံစားရကာ လူသားတို့၏ အသက်များဆုံးရှုံးရသည်။

ယနေ့ ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ပိုမိုများပြားလာသည်။ မြို့ပြများတွင် အသက်ရှူမဝဖြစ်လာကာ ကျန်းမာရေးဆိုင်ရာပြဿနာများကို ရင်ဆိုင်နေရသည်။ ရာသီဥတုဆိုးရွားမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ကျန်းမာရေးပြဿနာဖြစ်ပေါ်လာမှုတို့ကို ကာကွယ်နိုင်ရန်အတွက်ကမ္ဘာမြေကြီးသည် စိမ်းလန်းစိုပြည်ရပါမည်။

သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်သည်။ ရာသီဥတုကိုအထောက်အကူပြုခြင်း၊ အရိပ်အာဝါသရရှိခြင်းနှင့် နိုင်ငံ့စီးပွားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်ခြင်းစသည့် ကောင်းကျိုးများရရှိပါသည်။ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများသည် လူသားများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူသားများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက နိုင်ငံအားလုံးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင်ကြရန် လှုံ့ဆော်တိုက်တွန်းလျက်ရှိသည်။ ကမ္ဘာ့စက်မှုအင်အားကြီးနိုင်ငံများအနေဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချမှု လက်မှတ်ရေးထိုးခြင်းနှင့် ကမ္ဘာမြေစိမ်းလန်းစိုပြည်ရေးအတွက် ရန်ပုံငွေထည့်ဝင်စေခြင်းစသည့်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာနှင့်အဝန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အကူအညီပေးလျက်ရှိသည်။ ကြိုးပိုင်းတောအဖြစ်သတ်မှတ်ခြင်း၊ ဘေးမဲ့နယ်မြေသတ်မှတ်ခြင်းနှင့် သစ်ပင်များ တစ်ပင်ခုတ် တစ်ပင်ပြန်စိုက်ခြင်းစသည့်နည်းစနစ်များ ကျင့်သုံးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ဇွန်နှင့် ဇူလိုင်လသို့ရောက်ရှိလာတိုင်း နေရာဒေသအနှံ့အပြားတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပကြသည်။ အခြေခံပညာကျောင်းများမှအစ ဌာနဆိုင်ရာများထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။ ပျိုးဥယျာဉ်အပင်များဖြစ်သည့် ရှား၊ ထနောင်း၊ မဲဇလီ၊ ဘောစကိုင်း၊ မြန်မာကုက္ကို၊ ညောင်ပင်၊ တမာ၊ ယူကလစ်၊ ကန္တာရစိမ်း၊ မန်ကျည်း၊ ဒဟတ်၊ ရင်းမာတို့ စိုက်ပျိုးကြရာတစ်အုပ်တစ်မရှင်သန်ကြီးထွားနေသည်ကို တွေ့မြင်ရသည်။ ပန်းအလှပင်များဖြစ်သော စိန်ပန်း၊ ပိတောက်၊ မျက်ခြယ်၊ ခွာညို၊ ပျဉ်းမ၊ ၄ဝါ စသည့်အပင်များနှင့် သီးပင်စားပင်များဖြစ်သည့် ၄က်ပျော၊ မာလကာ၊ သြဇာ စသည့်အပင်များကို တစ်နိုင်တစ်ပိုင်အဖြစ် စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် ယနေ့ကာလ၌ သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ သစ်ပင်များပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် တည်ထောင်ခြင်းဆိုသည့် လုပ်ငန်းတာဝန်သုံးရပ်ကို သစ်တောဦးစီးဌာနက လုပ်ဆောင်သည်။ စိုက်ပျိုးမှုတွင် စီးပွားဖြစ်ကျွန်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် အစုအဖွဲ့ပိုင်စိုက်ခင်းဟူ၍ ငါးမျိုးရှိသည်။

ထို့ပြင်အသင်းအဖွဲ့များမှ ငွေကြေးအကုန်အကျခံကာ ပရဟိတသစ်ပင်စိုက်ပျိုးမှု ဆောင်ရွက်နေသည်မှာ မြန်မာလူမျိုးတို့၏ ချစ်စရာဝေလ့စရိုက်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးထားသည့် သစ်တောများထိန်းသိမ်းကာကွယ်ခြင်းနှင့် သဘာဝတောများစောင့်ရှောက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းမှာ အောင်မြင်လျက်ရှိသည်။

သစ်တောဦးစီးဌာနသည် အပူပိုင်းဒေသ စိမ်းလန်းစိုပြေရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့သည့်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရိုင်ကိုးခုကို "ကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း" အဖြစ် ၂၀၂၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့သည်။ မြင်းခြံခရိုင်မှ တောင်သာတောင်၊ တောင်ဖီလာတောင်၊ ကျောက်တစ်လုံးတောင်၊ မြင်စိုင်းတောင်၊ ညောင်ဦးမြို့နယ်မှ တုရင်တောင်၊ ကျောက်ပန်းတောင်းမြို့နယ်မှ ပုပ္ပားတောင်တို့တွင် ရေဝေရေလဲလုပ်ငန်းအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ကျောက်ပန်းတောင်းနှင့် ပျဉ်းမနားမြို့နယ်များတွင် ကြိုးပြင်ကာကွယ်တောများ ထူထောင်ခဲ့သည်။ မြန်မာ့ဂျစ်ပရိုစိုက်ခင်း(၁)၊ (၂)၊ (၃) တို့သည် ဂျပန်နိုင်ငံမှ လျူဒါန်းငွေဖြင့် သစ်တောဦးစီးဌာနက စိုက်ပျိုးခဲ့သည့် စိုက်ခင်းများဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် သစ်ပင်၊ ပန်းပင် မျိုးကွဲပေါင်း ၇၀၀၀ ခန့်ရှိပြီး ဆေးဖက်ဝင်မှုနှင့် လူသုံးပစ္စည်းဖန်တီးမှုတို့တွင် အသုံးများကြသည်။ အမျိုးသားအမွေအနှစ်ရတနာသိုက်ကြီးတစ်ခုဖြစ်ပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် တိကျသောသစ်တောဥပဒေများကိုလည်းကောင်း၊ သစ်ပင်များကို အကြောင်းမဲ့ခုတ်လှဲခြင်းမပြုရန် ဥဒေအမိန့်များကိုလည်းကောင်း ထုတ်ပြန်ထားရှိကြောင်း လေ့လာသိရှိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် ကမ္ဘာပေါ်တွင် သစ်ပင်များတည်ရှိခြင်း၏ ကောင်းကျိုးများ၊ သစ်ပင်များ လျော့နည်းခြင်း၏ ဒုက္ခများကို သိရှိကြပြီးဖြစ်သည်။ သစ်ပင်စိုက်ပျိုးမှုသည်ကမ္ဘာ့သက်ရှိများ ကောင်းမွန်စွာရှင်သန်ရေးကို အထောက်အကူပြုနေသည်။ ထို့ကြောင့် ကမ္ဘာမြေ စိမ်းလန်းစေရန် မိုးရာသီဖြစ်သည့် ယခုလို မိုးဖြိုင်ဖြိုင်ကျသော ဇွန်၊ ဇူလိုင်လများ

❖ ရာသီဥတုဆိုးရွားမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် ကျန်းမာရေးပြဿနာဖြစ်ပေါ်လာမှုတို့ကိုကာကွယ်နိုင်ရန်အတွက် ကမ္ဘာမြေကြီးသည် စိမ်းလန်းစိုပြည်ရပါမည်။ သစ်ပင်စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကိုထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်သည်။ ရာသီဥတုကိုအထောက်အကူပြုခြင်း၊ အရိပ်အာဝါသရရှိခြင်းနှင့် နိုင်ငံ့စီးပွားရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်ခြင်းစသည့် ကောင်းကျိုးများရရှိပါသည်။ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများသည် လူသားများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူသားများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။❖

ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

အိန္ဒိယ-ဖိလစ်ပိုင် ဆက်ဆံရေးအလားအလာ

မောင်စိန်အို(နဘဲမြေ)

အင်ဒို-ပစိဖိတ်လုံခြုံရေးဗိသုကာနှင့် စပ်လျဉ်း၍ မသေချာမရေရာမှုများ မြင့်တက်လာသည့်အချိန်တွင် ဖိလစ်ပိုင်နှင့် အိန္ဒိယတို့သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိသည်။ အမေရိကန်နှင့် ဖိလစ်ပိုင်၏ လုံခြုံရေးမဟာမိတ်ဖွဲ့မှုသည် ဆက်လက်တည်ရှိနေစဉ်မှာပင် ဖိလစ်ပိုင်အနေဖြင့် နိုင်ငံအားလုံးနှင့်ထိတွေ့ဆက်ဆံသော နိုင်ငံခြားရေးမူဝါဒကို တိုးချဲ့ကျင့်သုံးကာ မျှော်လင့်မထားသော အရွေ့အပြောင်းအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယနှင့်ဖိလစ်ပိုင်၏ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်းသည် နိုင်ငံအားလုံးနှင့် မဟာဗျူဟာမြောက်ဆက်ဆံရေး တိုးတက်လာကြောင်းကို သက်သေပြသလျက်ရှိပြီး ပိုမိုတိုးတက်လာသော အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း၌ စည်းမျဉ်းစည်းကမ်းအခြေခံသော အခင်းအကျင်းကို ဆက်လက်ထိန်းသိမ်းရာတွင် အမေရိကန်၏အကျိုးစီးပွားများကိုလည်း အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှုအရိပ်အယောင်

အိန္ဒိယ-ဖိလစ်ပိုင် မိတ်ဖက်ဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ တဖြည်းဖြည်းတိုးတက်လာလျက်ရှိသဖြင့် ဒီမိုကရက်တစ်စံနှုန်းများ ထိန်းသိမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများမျှဝေခြင်းနှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသအတွက် မျှော်မှန်းချက်များ ပေါင်းစည်းရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အဆိုပါပြုပြင်ပြောင်းလဲ တိုးတက်လာမှုများသည် နှစ်နိုင်ငံစလုံး၏နိုင်ငံခြားရေးမူဝါဒများတွင် ပြန်လည်တိုးတက်လာမှုကို ထင်ဟပ်စေသည်။

တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းဆိုင်ရာ အင်အားတိုးချဲ့မှုများ မြင့်တက်လာမှုကို စိုးရိမ်ပူပန်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံအတွက်မူ လုံခြုံရေးဆိုင်ရာ မှီခိုအားထားရနိုင်သည့် မိတ်ဖက်များရှာဖွေခြင်းကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ အရှေ့အာဆီယံနိုင်ငံများနှင့် ထိတွေ့ဆက်ဆံသည့် Act East Policy မူဝါဒကျင့်သုံးရန်နှင့် အင်ဒို-ပစိဖိတ်အခန်းကဏ္ဍတွင် ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် အခိုင်အမာဆုံးဖြတ်ထားသည့် အိန္ဒိယနိုင်ငံအတွက်မူ အာဆီယံနိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးမှုခိုင်မာအောင် ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သော ဖိလစ်ပိုင်သမ္မတဟောင်း ရိုဒရီဂိုဒူတာတေးလက်ထက်တွင် နှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုတိုးတက်လာခဲ့သည်။ ထိုစဉ်က ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ရန်နှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများရရှိရန်အတွက် အမေရိကန်နှင့် မဟာမိတ်ဖွဲ့စည်းထားမှုကို ခပ်ခွာခွာနေထိုင်ခဲ့သည်။ ထို့ပြင် ဒူတာတေးသည် ၂၀၁၆ ခုနှစ် နိုင်ငံတကာခုံရုံး၏ ဆုံးဖြတ်ချက်ကို လျစ်လျူရှုကာ တောင်တရုတ်ပင်လယ်တွင် ပေကျင်းနှင့်တည်ငြိမ်သော ဆက်ဆံရေးထူထောင်ရန် မျှော်မှန်းဆောင်ရွက်ခဲ့သည်။

သို့သော် အဆိုပါကြိုးပမ်းမှုများသည် မျှော်မှန်းထားသလောက် စီးပွားရေးဆိုင်ရာအကျိုးအမြတ်များမရရှိခဲ့ပေ။ ထို့ပြင် အနောက်ဖိလစ်ပိုင်ပင်လယ်တွင် တရုတ်နိုင်ငံ၏တိုးချဲ့လာသော ရည်မှန်းချက်များကို တွေ့ရှိလာခဲ့ရသည်။ ဖိလစ်ပိုင်သည် ရေမိုင် ၂၀၀ အတွင်းရှိ အထူးစီးပွားရေးဇုန်၌ အကျုံးဝင်နေသော တောင်တရုတ်ပင်လယ်ရှိ အစိတ်အပိုင်းကို တောင်းဆိုလျက်ရှိသည်။ ထို့ကြောင့် ဖိလစ်ပိုင်သည် နိုင်ငံ၏ လုံခြုံရေးတွင် ပါဝင်ဆောင်ရွက်နိုင်သော စိတ်တူကိုယ်တူနိုင်ငံများကို ရှာဖွေလာလျက်ရှိသည်။

မူဝါဒများ ပြောင်းလဲချမှတ်ဆောင်ရွက်ခြင်းသည် ဖိလစ်ပိုင်နှင့် အိန္ဒိယတို့ကို စိတ်တူကိုယ်တူ မိတ်ဖက်နိုင်ငံအဖြစ် တည်ဆောက်သွားရန် အခွင့်အလမ်းဖြစ်လာစေခဲ့သည်။ နှစ်နိုင်ငံအကြား တိုးတက်လာသော မိတ်ဖက်ဆက်ဆံရေးတွင် BrahMos အသံလွန်ဒုံးကျည်များကို ဖိလစ်ပိုင်၏ ဝယ်ယူမှု၊ အဆင့်မြင့်အရာရှိကြီးများ အပြန်အလှန်သွားရောက်လည်ပတ်မှုနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခန်းများနှင့် ချစ်ကြည်ရေးခရီးစဉ်များကဲ့သို့သော ပင်လယ်ရေကြောင်းဆိုင်ရာလှုပ်ရှားမှုကို တိုးမြှင့်လုပ်ဆောင်မှုများပါဝင်သည်။

ဖိလစ်ပိုင်အတွက်မူ ၎င်း၏ လုံခြုံရေးဆိုင်ရာ တွက်ချက်မှုတွင် ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားလိုသော စိတ်ဆန္ဒရှိနေသည်။ ထို့ကြောင့် အရှေ့တောင်အာရှဒေသရှိမဟာဗျူဟာမြောက် တိုးတက်ပြောင်းလဲမှုတွင်ပိုမိုပါဝင်ဆောင်ရွက်လိုသော အိန္ဒိယ၏ ရည်ရွယ်ချက်ကို ခိုင်မာလာစေပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသုံး ဘီလီယံခန့်ရှိခဲ့သော်လည်း လက်ရှိ အရှိန်အဟုန်ဖြင့် တိုးတက်လာလျက်ရှိသည်။ ဆေးဝါးပစ္စည်းထုတ်လုပ်မှုနှင့် သတင်းအချက်အလက်နည်းပညာတို့တွင် အိန္ဒိယ၏ တိုးတက်လာမှုများသည် ဖိလစ်ပိုင်၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များနှင့် ကိုက်ညီလျက်ရှိသည်။ အထူးသဖြင့် ဒီဂျစ်တယ်စီးပွားရေးနှင့် ပြန်လည်ပြည့်ဖြိုးမြစ်မမ်းအင်ကဏ္ဍများသည် ပူးပေါင်း ဆောင်ရွက်မှုအတွက် အခွင့်အလမ်းများ ကမ်းလှမ်းပေးလျက်ရှိသည်။ သို့သော် နှစ်နိုင်ငံစလုံးအနေဖြင့် ပြောင်းလဲရန် စိတ်အားထက်သန်လျက်ရှိသောကြောင့် စီးပွားရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးသည် ဆွေးနွေးနေဆဲကာလပင်ဖြစ်သည်။

မိတ်ဖက်ဆက်ဆံမှုထူထောင်ခြင်း

သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာသည် ၂၀၂၂ ခုနှစ်တွင် တာဝန်စတင်ထမ်းဆောင်သည့် အချိန်၌ အိန္ဒိယ-ဖိလစ်ပိုင် မိတ်ဖက်ဆက်ဆံရေးအတွက် အပြုသဘောဆောင်သော အရှိန်အဟုန် ဆက်လက်ထိန်းသိမ်းရုံသာမက ပြောင်းလဲဖြစ်ပေါ်နေသော မဟာဗျူဟာမြောက် အင်ဒို-ပစိဖိတ်ဝန်းကျင်တွင် လိုက်လျောညီထွေနေထိုင်ရေးအတွက် အင်အားပိုမိုခိုင်မာတောင့်တင်းလာအောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားရှိကြောင်း ပြောကြားသွားခဲ့သည်။

ထို့ကြောင့် ဖိလစ်ပိုင်နှင့် အိန္ဒိယတို့သည် နယ်ပယ်ပေါင်းစုံပါဝင်သည့် စနစ်တကျဖွဲ့စည်းထားသော အပြန်အလှန်မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ထူထောင်လျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာထင်ရှားသော နယ်ပယ်သည် ပင်လယ်ရေကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုပင်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် မားကို့စ်ဂျူနီယာအစိုးရအဖွဲ့အနေဖြင့် လုံခြုံရေးနှင့်အချုပ်အခြာအာဏာအပေါ် ဦးစားပေးကြောင်း ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ အကြောင်းမူကာ တရုတ်နိုင်ငံသည် အနောက်ဖိလစ်ပိုင်ပင်လယ်တွင် လှုပ်ရှားဆောင်ရွက်မှုများ တိုးချဲ့လာလျက်ရှိသောကြောင့်ပင်ဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံအနေဖြင့်လည်း အမေရိကန်-တရုတ်ယှဉ်ပြိုင်မှုများကြောင့် မသေချာမရေရာမှုများမြင့်တက်လာသည့်အချိန်တွင် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအရင်းအမြစ်များရှာဖွေရေးအတွက် အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိမှုမြှင့်တင်ရန်ရည်ရွယ်ထားရှိသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ်ကတည်းက အိန္ဒိယနိုင်ငံသည် နိုင်ငံတကာဥပဒေမူဝါဒများကို တိုက်ရိုက်စိန်ခေါ်မှုများဖြစ်စေသည့် တရုတ်နိုင်ငံ၏ ပင်လယ်ရေကြောင်းလှုပ်ရှားမှုများနှင့်စပ်လျဉ်း၍ အသံပိုမိုထွက်လာလျက်ရှိသည်။ ထို့နောက် ၂၀၂၂ ခုနှစ်ကတည်းက မနီလာနှင့် နယူးဒေလီတို့သည် ၎င်းတို့၏မိတ်ဖက်ဆက်ဆံရေးနက်ရှိုင်းအောင်ဆောင်ရွက်ရင်း ပင်လယ်ရေကြောင်းနှင့်ဆက်နွယ်သော လှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ပထမဆုံးသော တိုးတက်မှုများ၌ ၂၀၂၃ ခုနှစ်တွင် ဖိလစ်ပိုင်နှင့် အိန္ဒိယ

❖အိန္ဒိယ-ဖိလစ်ပိုင် မိတ်ဖက်ဆက်ဆံရေးသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ တဖြည်းဖြည်းတိုးတက်လာလျက်ရှိသဖြင့် ဒီမိုကရက်တစ်စံနှုန်းများ ထိန်းသိမ်းခြင်း၊ လုံခြုံရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ မျှဝေခြင်းနှင့် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသအတွက် မျှော်မှန်းချက်များ ပေါင်းစည်းရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ အဆိုပါပြုပြင်ပြောင်းလဲတိုးတက်လာမှုများသည် နှစ်နိုင်ငံစလုံး၏ နိုင်ငံခြားရေးမူဝါဒများတွင် ပြန်လည်တိုးတက်လာမှုကို ထင်ဟပ်စေသည်။ ❖

ကြောင့် စွမ်းဆောင်ရည်တည်ဆောက်မှု အခန်းကဏ္ဍသည်လည်း အခိုင်အမာတိုးတက်လျက်ရှိသည်။ လက်ရှိအချိန်တွင် မနီလာသည် Akash အမျိုးအစား မြေပြင်မှဝေဟင်ပစ်လက်နက်စနစ် ဝယ်ယူရန် အိန္ဒိယနှင့်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ သံခင်းတမန်ခင်းဆိုင်ရာထိတွေ့ ဆက်ဆံမှုသည်လည်း တိုးတက်လျက်ရှိသည်။

အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မတီအောက်တွင် ပုံမှန်ဆွေးနွေးပွဲများနှင့် အာဆီယံဦးဆောင်သော ပလက်ဖောင်းများတွင် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုရင့်ကျက်ခိုင်မာလာစေလျက်ရှိသည်။ အထူးသဖြင့် နှစ်နိုင်ငံသည် စည်းမျဉ်းစည်းကမ်းအခြေခံသော နိုင်ငံတကာအခင်းအကျင်းနှင့် နိုင်ငံတကာဥပဒေများကို အလေးထားလျက်ရှိသည်။

ဖိလစ်ပိုင်နှင့်အိန္ဒိယတို့သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုချဲ့ထွင်ရေးနည်းလမ်းများကိုလည်း လေ့လာလုပ်ဆောင်လျက်ရှိသည်။ ယခုနှစ် ဧနှစ်၀ါရီလတွင် ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာသည် အိန္ဒိယနိုင်ငံခြားရေး၀န်ကြီး ပါဘီထရာမာဂရက်ရီတာနှင့် တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်သွားရန် ရင်းနှီးပွင့်လင်းစွာထုတ်ဖော်ပြောကြားခဲ့ပြီး ဖိလစ်ပိုင်-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးတွင် ဖိလစ်ပိုင်၏အရေးပါမှုကို ထင်ဟပ်စေလျက်ရှိသည်။

နှစ်နိုင်ငံစလုံးအနေဖြင့် တရုတ်ဈေးကွက်ကို ပြည်ပတင်ပို့မှုနေရာအဖြစ် အလွန်အမင်းမှီခိုရလျက်ရှိသဖြင့် မနီလာသည် နီကယ်ကဲ့သို့သော အရေးပါသည့် တွင်းထွက်ပစ္စည်းများနှင့် စပ်လျဉ်း၍ နယူးဒေလီနှင့် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များကိုလည်း မျှ၀ေလုပ်ဆောင်လျက်ရှိသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ဖိလစ်ပိုင်နှင့် မိတ်ဖက်ဆက်ဆံရေးတိုးမြှင့်ခြင်းအားဖြင့် အရှေ့အတောင် အာရှဒေသတွင် အိန္ဒိယနိုင်ငံကို ပိုမိုပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းရရှိစေသည်။

ထို့ပြင် နှစ်နိုင်ငံပြည်သူအချင်းအချင်း ချိတ်ဆက်ဆောင်ရွက်မှုသည်လည်း မြင့်တက်လာလျက်ရှိသည်။ ဖိလစ်ပိုင်ကျောင်းသားများသည် အစိုးရ၏ ပညာသင်ကြားရေးအစီအစဉ်ဖြင့် အိန္ဒိယတွင် ပညာသင်ယူလျက်ရှိသည်။ ယောဂကျင့်စဉ်နှင့် အိန္ဒိယယဉ်ကျေးမှုသည် ဖိလစ်ပိုင်တွင် လူသိများလာခဲ့ပြီး မနီလာရှိ အိန္ဒိယမျိုးနွယ်စုများသည်လည်း ပြည်သူ့အခြေပြု မိတ်ဖက်ဆက်ဆံရေးကို ပိုမိုအထောက်အကူပြုစေလျက်ရှိသည်။ ထိုသို့ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှုများသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ခိုင်မာအားကောင်းသော အခြေခံအုတ်မြစ်များဖြစ်လာနိုင်ပေသည်။

ကိုးကား

– India–Philippines reaching for new strategic horizons by the Diplomat.

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကာဂိုရှီးမားခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား

တိုကျို ဇွန် ၁၀

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇွန် ၉ ရက်တွင် မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီ(JMA)၏ ယနေ့သတင်းများအရ သိရသည်။

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်နိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ဇွန်လ ဒုတိယပတ်ကတည်းက သတိပေးခဲ့ပြီး ဒေသခံပြည်သူများကို အသက်အန္တရာယ်ရှိသဖြင့် အဆိုပါဒေသမှ ပြောင်းရွှေ့နေထိုင်ရန် သတိပေးထားကြောင်း သိရသည်။

"မိုးက အတော်လေးပြင်းပြင်းထန်ထန်ကို ရွာနေတာပါ။ မိုးရွာသွန်းမှုပြင်းထန်တာကြောင့် ကာဂိုရှီးမားခရိုင်မှာ မြေပြိုမှုတွေဖြစ်နေပါတယ်။ ဒါကြောင့် လမ်းတွေပိတ်ဆိုပြီး သွားလာရေးခက်ခဲနေပါတယ်။ မိုးက ဇွန် ၁၁ ရက်ထိ သည်းထန်စွာရွာသွန်းနိုင်ပါတယ်။ မိုးကြိုးပစ်တာနဲ့ လေပြင်းတိုက်တာတွေပါဖြစ်နိုင်တာကြောင့် ဒေသခံတွေ သတိပြုနေထိုင်ကြရမှာ ဖြစ်ပါတယ်"ဟု JMA မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် မိုးရွာသွန်းနိုင်သောတိမ်များသည် မြောက်ဘက်သို့ ရွှေ့လျားနေပြီး ဇွန် ၁၁ ရက်တွင် ဂျပန်နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့တွင် မိုးများသည်းထန်စွာဆက်လက်ရွာသွန်းနိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကာဂိုရှီးမား ခရိုင်နှင့် ကျူရှူးကျွန်းတို့တွင် မြေပြိုမှုများ ဖြစ်ပွားနေကြောင်း ဂျပန်မိုးလေဝသ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့အနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေ

ဂျေရုဆလင် ဇွန် ၁၀

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့အနီးတွင် ဇွန် ၉ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေကြောင်း အစ္စရေးမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ဂျေရုဆလင်မြို့နှင့် အိုင်ကီရမ်မြို့ကြားရှိ ကာမစ်သစ်တောကြီးပိုင်းတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းမှုမှာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးအရှိန်ကြောင့် အစ္စရေးမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၅၀ ထိ စေလွှတ်ပေးထားပြီး အင်အား ဖြည့်တင်းမှုအနေဖြင့် ယနေ့တွင် အင်အား ၂၆ ဦး ထပ်မံဖြည့်တင်းထားကြောင်း အစ္စရေးမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီး လောင်ကျွမ်းမှုက ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် အယောက် ၅၀ စေလွှတ်ပေးထားတယ်။ မြေပြင် အခြေအနေကြောင့် တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် ခက်ခဲနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် အင်အားတော့ တိုးမြှင့်ပေးထားပါတယ်။ ဒေသခံတချို့ကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် ညွှန်ကြားထားပါတယ်"ဟု အစ္စရေးမီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့ အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

မူဝါဒအသစ်များကြောင့် အမေရိကန်နိုင်ငံ၏ ဆိုလာစွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးမှုများရှိလာနိုင်

ဝါရှင်တန် ဇွန် ၁၀

အမေရိကန်နိုင်ငံတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးအတွက် ရုပ်ကြွင်းလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြင့် အစားထိုးရန် မူဝါဒများဖြင့်ဆောင်ရွက်လာခဲ့သော်လည်း လက်ရှိအိမ်ဖြူတော်အစိုးရက ရုပ်ကြွင်းလောင်စာများကို ဦးစားပေးသုံးစွဲသွားမည့်မူဝါဒများကြောင့် ဆိုလာစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးမှုများရှိလာနိုင်သည်ဟု Solar Energy Industries Association မှ သုတေသီ မက်ကင်ဇီက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ယခင်မူဝါဒအတိုင်း ဆောင်ရွက်သွားမည်ဆိုပါက ဆိုလာစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သော်လည်း ရုပ်ကြွင်းလောင်စာ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်လာမည် ဖြစ်သည့်အတွက် လာမည့် ငါးနှစ်တာကာလအတွင်း ဆိုလာစွမ်းအင်ကဏ္ဍမှာ သိသိသာသာ ကျဆင်းသွားဖွယ်ရှိကြောင်း မက်ကင်ဇီက သုံးသပ်ပြောကြားခဲ့သည်။

"အမေရိကန်နိုင်ငံရဲ့ ဆိုလာစွမ်းအင်ကဏ္ဍဟာ လက်ရှိမှာတော့ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ ဒါကလဲ ယခင်မူဝါဒကြောင့်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိအစိုးရရဲ့ မူဝါဒအရရုပ်ကြွင်းလောင်စာကဏ္ဍကို ပိုပြီးတော့ အလေးပေးလာတဲ့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဆိုလာစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုက ကျဆင်းသွားနိုင်တယ်။ ဒီနှစ်အတွင်း ဆိုလာစွမ်းအင်ကဏ္ဍကနေ လျှပ်စစ်စွမ်းအင် ၄၈ ဒသမ ၆ ဂီဂါဝပ်ထိ ထုတ်လုပ်သုံးစွဲနိုင်ဖို့ ဆောင်ရွက်နေတယ်။ မူဝါဒပြောင်းလဲမှုကြောင့် ၂၀၃၀ ပြည့်နှစ်လောက်မှာ ဆိုလာစွမ်းအင်ကဏ္ဍကနေ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မှုက ၄၃ ဒသမ ၅ ဂီဂါဝပ်ထိ ကျဆင်းသွားနိုင်တယ်"ဟု Solar Energy Industries Association မှ သုတေသီ မက်ကင်ဇီက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ကိုလံဘီယာနိုင်ငံတွင် ငလျင်လှုပ်ခတ်ပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ဘိုဂိုတာ ဇွန် ၁၀

ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းတွင် ပြင်းအား ၆ ဒသမ ၅ အဆင့်ရှိ ငလျင်တစ်ခု ဇွန် ၈ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့ပြီး ဇွန် ၉ ရက်တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် ဘိုဂိုတာမြို့တော်၏ အနက် ကီလိုမီတာ ၃၀ တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက်မှာ ကိုလံဘီယာနိုင်ငံ ကန်ဒီနာမာခါဌာနဖြစ်ကြောင်း ကိုလံဘီယာဘူမိဗေဒဌာနက ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူနေအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများပျက်စီးခဲ့ရသည့် အပြင် သစ်ပင်များနှင့် ဓာတ်တိုင်တချို့ပြိုလဲခဲ့ကြောင်း၊ အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ လတ်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများ ရှိကြောင်း၊ အပျက်အစီး အတိအကျကိုမူ သက်ဆိုင်ရာက စစ်ဆေးနေဆဲဖြစ်သည်ဟု ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

ဗြိတိန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံတချို့တွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများဖြင့် ရင်ဆိုင်ရနိုင်

လန်ဒန် ဇွန် ၁၀

ဗြိတိန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံအများစုတွင် ဇွန်လအတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများဖြင့် ရင်ဆိုင်ရနိုင်ကြောင်း Met Office က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ဇွန် ၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

အအေးဓာတ် မြင့်မားသည့် ဗြိတိန်နိုင်ငံအတွင်း အပူလှိုင်းဖြတ်သန်းချိန် အပူချိန်သည် ၄၅ ဒီဂရီစင်တီဂရိတ်ထိ အမြင့်ဆုံး ရောက်ရှိနိုင်ကြောင်း၊ အပူချိန်မြင့်တက်နိုင်ဖွယ်ရှိနေသည့် နိုင်ငံများတွင် စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့လည်း ပါဝင်နေပြီး စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့တွင် အပူချိန်ပမာဏမှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

အင်္ဂလန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် ဇွန် ၁၅ ရက်၌ အပူချိန်မြင့်တက်မှု စတင်လာနိုင်ပြီး အပူချိန် စတင်မြင့်တက်ချိန်တွင် အပူချိန်ပမာဏမှာ ၃၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနိုင်ကြောင်း၊ အင်္ဂလန်နိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် မန်ချက်စတာယူနိုက်တက်၊ လီဗာပူးနှင့် စကော့တလန်နိုင်ငံ ဂလက်စဂေါ်မြို့တို့တွင် အပူချိန်မှာ ၂၀ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီဖြစ်ကြောင်း၊ သို့သော်လည်း ဂလက်စဂေါ်မြို့ တစ်မြို့တည်း၌သာ အပူချိန်မြင့်တက်နိုင်ပြီး စကော့တလန်နိုင်ငံ၏ အခြားသောမြို့များနှင့် မြောက်အိုင်ယာလန်နိုင်ငံတို့တွင် အအေးဓာတ်မြင့်မားနိုင်ကြောင်း Met Office က ခန့်မှန်းထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

Myanmar Mobile Money (MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်တိုက်သွားရန်မလိုဘဲ ပိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချိပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ကုန်ခဲ့ုံးသွားသော စွမ်းအားများ

DAGON Malta Fresh

ခဲ့ုံ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၁၊ ၀၁ ၆၅၂၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀ ၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၅၅၁၁၉၀၇၇

အမည်မှန်

မလှိုင်မြို့နယ်၊ ဟိန်းချမ်းမြေ့ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးကိုကိုသက်(၉/မလန(နိုင်)၁၀၈၇၆၄)၏သမီး မအိမ့်မြခြူးစ်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိမ့်ခြူးမြတ်စံဖြစ်ပါကြောင်း။

မအိမ့်ခြူးမြတ်စံ

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အမှတ်(၁၅၉)မူလတန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်အောင်စစ်မျူးခန့်၏ ဖခင်အမည်မှန်မှာ ဦးရဲရင့်ထွန်းဖြစ်ပါကြောင်း။

ဦးရဲရင့်ထွန်း(၁/ဟပန(နိုင်)၀၀၃၁၅၈)

ဘိုးဘဝိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ အကွက်အမှတ်(၉/၂၅)၊ အကွက်အမည် တကောင်းကွင်း၊ ဦးပိုင်အမှတ်(၁/ဃ-၂)၊ ဧရိယာ(၀.၀၃၇)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၁-ဃ-၁)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၁-ဃ-၃)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၁-ခ)
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘဝိုင်အမည်ပြောင်း)ပေးရန် **ဦးမျိုးဇိမ်မ**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၈)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

ပျောက်ဆုံးကြောင်း

စဉ့်ကူးမြို့နယ်၊ လက်ပံလှရွာနေ မောင်ကျော်မျိုးအောင် (ဘ) ဦးစိန်အောင်(၉/စကန(နိုင်)၀၅၃၈၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၀၂၀၆၅၅

ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပိတ်စွယ်နယ်မြေ(၁)နေ ဒေါ်စန်းယဉ်အေး (ဘ) ဦးကိန်းယိုး(၉/မကန(နိုင်)၁၂၈၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-664473)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၈၈၉၃၇၈၇

ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၅)၊ အုပ်စု(၄)နေ မနန်းသန္တာဆွေ (ဘ) ဦးစိုင်းလှကျော်(၁၃/တယန(နိုင်)၀၅၉၄၇၂)၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-436599)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၀၂၉၄၉၄၉

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၉)နေ ဒေါ်စန်းစန်းမော် (ဘ) ဦးတင်စိန်(၁၃/လရန(နိုင်)၀၈၂၁၄၄)၏ နိုင်ငံကူးလက်မှတ် အမှတ်(MH-952722)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၅၂၆၀၅၆၈

အဖိုးတန်ရေချိုကို ချွေတာပါ

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူ့အားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗဟဝါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်မှုထုတ်ကုန်လုပ်ငန်းများ (Agro Base Industry)ကို ဖော်ဆောင်သွားရမည်ဖြစ်ပြီး တန်ဖိုးမြင့်စက်မှုကုန်ထုတ်လုပ်ငန်းများကို ထုတ်လုပ်နိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် တွံတေးမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

၂၀၂၇ အာရှဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက ပါကစ္စတန်အသင်းကို အနိုင်ရရှိ

ရန်ကုန် ဇွန် ၁၀

၂၀၂၇ အာရှဖလားခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက မြန်မာအသင်းက အိမ်ရှင်ပရိသတ်များရှေ့တွင် ပါကစ္စတန်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရရှိခဲ့သော်လည်း ကစားသမားများ အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် သွင်းဂိုးရရှိရန်ခက်ခဲခဲ့သော်လည်း ပထမပိုင်းပြီးဆုံးခါနီးပွဲချိန် ၄၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် မောင်မောင်လွင် ကန်တင်ပေးလိုက်သည်ကို သီဟထက်အောင်၊ စိုးမိုးကျော်တို့က အဆင့်ဆင့်ခေါင်းတိုက်သွင်းယူခဲ့ရာ ဂိုးတိုင်ထိထွက်ခဲ့သော်လည်း သန်းပိုင်က အကောင်းဆုံးအဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲချိန်ပထမပိုင်းတွင်

စာမျက်နှာ ၂၂ ကော်လံ ၁ ☆

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

စာမျက်နှာ- ၂၁

တာချီလိတ်မြို့တွင် ထိုင်းနိုင်ငံမှ အလိုရှိတရားခံ ပြေးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ- ၂၃

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၀

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပွလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွှေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊

စာမျက်နှာ ၂၂ ကော်လံ ၁ ❖